# Think.COOP

## သမဝါယမ လုပ်ငန်း ပုံစံအတွက် မိတ်ဆက်သင်တန်း

CBED

International Labour Organization

ILO Enterprise Department (အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၊ စီးပွားရေး လုပ်ငန်းများ ဌာန)
Decent Work Team - Bangkok
(ကောင်းမွန်သော အလုပ်အကိုင်များ ပေါ်ပေါက်ရေး အဖွဲ့ - ဘန်ကောက်မြို့)

BY NC SA

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) ၏ Think.COOP သင်ရိုးနည်းစနစ်ကို Creatie Commons Attribution-NonCommercial-ShareAlike 3.0 Uported License (စီးပွားဖြစ်မှုလွဲ၍ အခြားရည်ရွယ်ချက်များအတွက် မူလအရင်းအမြစ်အား ဖော်ပြကာ မပြုမပြင်ဘဲ ပြန်လည်သုံးစွဲခွင့်ပြုသော) အောက်တွင် မှတ်ပုံတင်ထားပါသည်။

Think.COOP သင်ရိုးနည်းစနစ်မှာ သမဝါယမ လုပ်ငန်း/အဖွဲ့အစည်းများ တည်ထောင်လိုသူ သို့မဟုတ် ဝင်ရောက်လိုသူများအတွက် ရည်ရွယ်ပြုစုထားသော ကုန်ကျစရိတ်နည်း၍ လွယ်ကူရိုးရှင်းသည့် သင်ရိုးနည်းစနစ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) ၏ သမဝါယမလုပ်ငန်းဆိုင်ရာ သင်တန်းနည်းစနစ်များနှင့် ILO ၏ ရပ်ရွာအခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးရေး (C-BED) စီမံကိန်း၏ အုပ်စုတူအချင်းချင်းကြား လက်တွေ့လုပ်ကိုင်သင်ယူမှု နည်းစနစ်များကို အခြေခံထားသော Think.COOP သည် သမဝါယမလုပ်ငန်း/အဖွဲ့အစည်းများဆိုင်ရာ အခြေခံ အချက်အလက်များကို ရိုးရှင်းသော ပုံစံဖြင့် မိတ်ဆက်ပေးသည့် ၄ နာရီကြာ သင်ရိုးနည်းစနစ်ဖြစ်သည်။

ဤတစ်နေ့တာ သင်ရိုးကို တက်ရောက်ပြီးချိန်တွင် သင်တန်းတက်ရောက်သူများအနေဖြင့် -

- သမဝါယမ လုပ်ငန်း/အဖွဲ့အစည်းဆိုသည်မှာ ဘာလဲ (ခံယူချက်နှင့် တန်ဖိုးများ၊ အခြားအဖွဲ့အစည်း၊ လုပ်ငန်းများနှင့် ကွာခြားပုံ၊ စသဖြင့်) ဆိုသည်ကို နားလည်သဘောပေါက်သွားရမည်။
- အခြားသော လုပ်ငန်း သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းများနှင့် ယှဉ်လျှင် သမဝါယမ အဖွဲ့အစည်းပုံစံ၏ အားသာချက်များနှင့် အခက်အခဲများကို နားလည်သဘောပေါက်သွားရမည်။
- သမဝါယမလအဖွဲ့အစည်းပုံစံမှာ မိမိအတွက် သင့်လျော်သော စီးပွားရေးလုပ်ငန်း ပုံစံ ဟုတ်မဟုတ်ဆိုသည်ကို နားလည်သဘောပေါက်ပြီး သေချာစွာ ဆုံးဖြတ်နိုင်လာရမည်။

ILO ၏ သမဝါယမလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ချက်များကို ပိုမို သိရှိလိုပါက www.ilo.org/coop သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး coop@ilo.org သို့လည်း အီးမေးပေးပို့ ဆပ်သွယ်နိုင်သည်။

SsILO၏ အုပ်စုတူအချင်းချင်းကြား လက်တွေ့လုပ်ကိုင်သင်ယူမှု နည်းစနစ်အကြောင်း ပိုမိုသိရှိလိုပါက www.cb-tools.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

Think.COOP

ILO Enterprise Department (**အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၊ စီးပွားရေး လုပ်ငန်းများ ဌာန**)
Decent Work Team - Bangkok (ကောင်းမွန်သော အလုပ်အကိုင်များ ပေါ်ပေါက်ရေး အဖွဲ့ - ဘန်ကောက်မြို့)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) ၏ Think.COOP သင်ရိုးနည်းစနစ်ကို Createie Commons Attribution-NonCommercial-ShareAlike 3.0 Uported License (စီးပွားဖြစ်မှုလွဲ၍ အခြားရည်ရွယ်ချက်များအတွက် မူလအရင်းအမြစ်အား ဖော်ပြကာ မပြုမပြင်ဘဲ ပြန်လည်သုံးစွဲခွင့်ပြုသော) အောက်တွင် မှတ်ပုံတင်ထားပါသည်။

# မာတိကာ


☺ သင်တန်းသားများအတွက် အသိပေးချက်များ 4

သင်္ကေတများအတိုင်း လိုက်နာဆောင်ရွက်ပါ 5

သင်တန်း မစတင်မီ 5

သင်ယူမှု အစီအစဉ် 6

☺ အပိုင်း (၁) - ကောင်းမွန်သော ဆက်ဆံရေးနှင့် အသက်မွေးဝမ်းကျောင်း အလုပ်များ 7

လေ့ကျင့်ခန်း ၁ (က) - တစ်ဦးအကြောင်း တစ်ဦး မိတ်ဆက်ခြင်း 7

လေ့ကျင့်ခန်း ၁ (ခ) - ဆက်ဆံရေး၏ အရေးပါပုံ 8

☺ အပိုင်း (၂) - အလျားလိုက်နှင့် ဒေါင်လိုက် ဆက်ဆံရေးများ 10

လေ့ကျင့်ခန်း ၂ (က) - အလျားလိုက်နှင့် ဒေါင်လိုက် ဆက်ဆံရေးများကို အမျိုးအစားခွဲခြင်း 10

လေ့ကျင့်ခန်း ၂ (ခ) - စည်းလုံးမှ ခိုင်မာ၊ မစည်းလုံးလျှင် ပြိုလဲမည် 11

☺ အပိုင်း (၃) - အကျိုးတူ စုပေါင်းဆောင်ရွက်ခြင်း၏ အကျိုးအမြတ်များ 14

လေ့ကျင့်ခန်း ၃ (က) - အဖွဲ့လိုက် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ 14

လေ့ကျင့်ခန်း ၃ (ခ) - မိမိကိုယ်ကို ကူညီပြီး၊ တခြားသူတွေကိုလည်း ကူညီမယ် 16

☺ အပိုင်း (၄) - လုပ်ငန်းဖွဲ့စည်းပုံကို ရွေးချယ်ခြင်း 19

လေ့ကျင့်ခန်း ၄ (က) - လုပ်ငန်းဖွဲ့စည်းပုံ ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ 19

လေ့ကျင့်ခန်း ၄ (ခ) - သမဝါယာမလုပ်ငန်းတစ်ခု၏ စည်းမျဉ်းများ 23

☺ အပိုင်း (၅) - အတူတကွ လုပ်ငန်းလုပ်ကိုင်ခြင်း 27

လေ့ကျင့်ခန်း ၅ (က) - သမဝါယာမလုပ်ငန်း ပုံစံများနဲ့ ဝန်ဆောင်မှု အမျိုးမျိုး 27

လေ့ကျင့်ခန်း ၅ (ခ) - သမဝါယာမလုပ်ငန်းတစ်ခုရဲ့ အားသာချက်နဲ့ အားနည်းချက်များ 31

# သင်တန်းသားများအတွက် အသိပေးချက်များ




Think.COOP သင်ရိုးပုံစံဟာ သင့်လို သမဝါယာမ လုပ်ငန်းတစ်ခုကို တည်ထောင်လိုသူ သို့မဟုတ် ဝင်ရောက်လိုသူများအတွက် ရည်ရွယ်ပြီး ဖန်တီးထားတာ ဖြစ်ပါတယ်။ သင့်အနေနဲ့ အကျိုးတူ အပြန်အလှန် ပံ့ပိုးမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေကတဆင့် မိမိရဲ ့ အလုပ်အကိုင် စားဝတ်နေရေးကို တိုးတက်စေမယ့် အခွင့်အလမ်းတွေ ဘယ်လို ဖန်တီးပေးနိုင်မလဲ၊ သမဝါယာမ လုပ်ငန်းတစ်ခုရဲ ့ အခြေခံစနစ်တွေက ဘာတွေလဲ၊ ဘယ်လိုအခြေအနေမျိုးမှာ သမဝါယာမ စနစ်က ကိုယ့်လုပ်ငန်း (သို့) အလုပ်အတွက် ပိုသင့်တော်မလဲ စတာတွေကို ဒီ ၄ နာရီကြာ မိတ်ဆက်သင်တန်းမှာ လေ့လာဆန်းစစ်နိုင်မှာ ဖြစ်ပါတယ်။ ဒီမိတ်ဆက်သင်တန်းအပြီးမှာ သမဝါယာမ လုပ်ငန်းပုံစံဟာ သင့်အတွက် သင့်လျော်မှု ရှိမရှိ ဆိုတာကို သင်ပိုနားလည်ပြီး စဉ်းစားဆုံးဖြတ်လာနိုင်မှာ ဖြစ်ပါတယ်။

ဒီသင်တန်းပုံစံဟာ သမားရိုးကျ သင်တန်းပုံစံတွေနဲ့ မတူဘဲကွဲပြားတာကို တွေ့ရမှာဖြစ်ပါတယ်။ သင်တန်းမှာ သင့်ကို ကူညီပေးမယ့် ဆရာ ဒါမှမဟုတ် ပညာရှင်တွေ ပါဝင်မှာ မဟုတ်ပါဘူး။ အဲဒီအစား သင်တို့ဟာ အသင်းအဖွဲ ့အနေနဲ့ သင်တန်းလမ်းညွှန်စာအုပ်မှာပါတဲ့ တစ်ဆင့်ချင်း လမ်းညွှန်မှုတွေအတိုင်း ဆွေးနွေးတာတွေ၊ လေ့ကျင့်ခန်းတွေကို အတူတကွဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဖွဲ့ခေါင်းဆောင်ကိုလဲ သတ်မှတ်ပေးထားမှာ မဟုတ်တဲ့အတွက် အဖွဲ့ဝင်တွေအားလုံးဟာ ပေးထားတဲ့ အချက်အလက်နဲ့ လမ်းညွှန်ချက်တွေကို တစ်လှည့်စီ ဖတ်ပြပေးရမှာဖြစ်ပြီး ပေးထားတဲ့အချိန်အတိုင်း ပြီးမြောက်ဖို့လဲ အားလုံး တာဝန်ယူပြီး အချိန်မှတ်ပေးရပါမယ်။ ဒီသင်တန်းပုံစံအသစ်မှာ သသင်တန့်ဟာ အကြံဉာဏ်တွေ၊ အမြင်တွေ၊ ကျွမ်းကျင်မှု၊ ဗဟုသုတနဲ့ အတွေ့အကြုံတွေ အချင်းချင်း ဖလှယ်ကြရင်း တစ်ဦးအကြောင်း တစ်ဦး ပိုသိလာမှာ ဖြစ်ပါတယ်။ ဒီသင်တန်းပုံစံ ထိရောက်အောင်မြင်နိုင်ဖို့အတွက် အဖွဲ့ဝင်အားလုံး တက်တက်ကြွကြွ ပါဝင်ဆွေးနွေး လုပ်ကိုင်ဖို့ လိုအပ်ပါတယ်။

သင်တန်း ထိရောက်မှု ရှိမရှိကို သိနိုင်ဖို့အတွက် သင်တန်းမစမီနဲ့ သင်တန်းပြီးချိန်မှာ သင့်ကို စစ်တမ်းပုံစံ မေးခွန်းတွေ မေးပါမယ်။ သင်ဖြေဆိုတဲ့ အချက်အလက်တွေကို လျှို့ဝှက်သိမ်းဆည်းပေးထားမှာ ဖြစ်ပြီး သင်ရိုး နည်းစနစ်ကို ပိုကောင်းအောင် ပြုပြင်ဖို့နဲ့ နောင် သင်တန်းအစီအစဉ်တွေ စီစဉ်ပြုလုပ်ရာမှာသာ သုံးစွဲမှာဖြစ်ပါတယ်။ သင်တန်းသားတွေအတွက် နောက်ထပ် သမဝါယာမစနစ်ဆိုင်ရာ သင်တန်းသစ်တွေ ဆက်လက်ဖော်ထုတ် စီစဉ်နိုင်ဖို့အတွက်လဲ ဒီအချက်အလက်တွေကို အသုံးပြုသွားမှာဖြစ်ပါတယ်။ သင်တန်းပြီးတဲ့နောက် ၃လ၊ ၆လ (သို့) ၁၂လ အကြာမှာလဲ သင်တန်းသားအချို့ကို ဆက်သွယ်ကောင်းဆက်သွယ်မှာဖြစ်ပြီး သင်တို့ရဲ့ လုပ်ငန်းအစီအစဉ်တွေကို မေးမြန်း စစ်တမ်းကောက်ယူတာတွေ ရှိနိုင်ပါတယ်။

## သင်္ကေတများအတိုင်း လိုက်နာဆောင်ရွက်ပါ

ဤလမ်းညွှန်စာအုပ်မှာ လွယ်ကူတဲ့ ညွှန်ကြားချက်များကို အသုံးပြုထားပြီး အဆင့် တစ်ဆင့်ချင်းစီအတွက် ကြာသင့်တဲ့ အချိန်တွေကိုလဲ ဖော်ပြထားပါတယ်။ အောက်ပါ သင်္ကေတများကို ရှာဖွေပြီး လိုက်နာဆောင်ရွက်ပါ။

**သင်္ကေတများနှင့် အဓိပ္ပါယ်များ**



ဒီသင်္ကေတကတော့ သက်ဆိုင်ရာ လေ့ကျင့်ခန်းအတွက် အချိန်သတ်မှတ်ချက် ရှိတယ်လို့ အသိပေးတာ ဖြစ်ပါတယ်။



ဒီသင်္ကေတကတော့ နောက်ခံအချက်အလက်တွေကို ဖတ်ပြဖို့ လိုကြောင်း အသိပေးတာဖြစ်ပါတယ်။



ဒီသင်္ကေတကတော့ အုပ်စုဖွဲ့ဆွေးနွေးရမယ်လို့ အသိပေးတာ ဖြစ်ပါတယ်။



ဒီသင်္ကေတကတော့ လေ့ကျင့်ခန်း စတင်နေပြီလို့ အသိပေးတာဖြစ်ပြီး လမ်းညွှန်ချက်တွေကို တစ်ဆင့်ချင်း အဖွဲ့ထံ ဖတ်ပြပြီးတော့ တစ်ဆင့်ချင်း လိုက်ပါဆောင်ရွက်ရမယ်လို့ ဆိုလိုပါတယ်။

## မစတင်မီ


သင်တန်းမစခင်မှာ စနစ်ကျအောင် ပြင်ဆင်တဲ့အနေနဲ့ အောက်ပါ အဆင့်များကို ဆောင်ရွက်ပါ -

- သင်တန်းအကြို စစ်တမ်းမေးခွန်းလွှာကို ဖြည့်ပါ။ သင့်မှာ မေးခွန်းလွှာမရသေးရင် သို့မဟုတ် မဖြည့်ရသေးရင် သင်တန်းစီစဉ်သူများကို မေးမြန်းပါ။
- လူ ၅ ယောက်ကနေ ၇ ယောက်ကြား အဖွဲ့ငယ်လေးတွေဖွဲ့ပါ။ အဖွဲ့ဖွဲ့ရာမှာ အကောင်းဆုံးဖြစ်ဖို့ သင်တန်းစီစဉ်သူတွေက ကူညီပေးပါလိမ့်မယ်။
- သင်တန်းစတဲ့အခါ အဖွဲ့ဝင်တစ်ယောက်ကို “အဖွဲ့အတွက် စာဖတ်ပြသူ” အဖြစ် ရွေးချယ်ပါ။ စာဖတ်ပြသူရဲ့ တာဝန်ကတော့ လေ့ကျင့်ခန်းတွေရဲ့ အချက်အလက်တွေနဲ့ ညွှန်ကြားချက်တွေကို တစ်ဖွဲ့လုံးကြားအောင် ဖတ်ပြဖို့ပဲ ဖြစ်ပါတယ်။ စာဖတ်တတ်တဲ့သူ မည်သူမဆို စာဖတ်ပြသူ တာဝန်ယူနိုင်ပါတယ်။ သင်တန်းတလျှောက်မှာ အဖွဲ့ဝင်တွေ တစ်ယောက်တစ်လှည့် ဒီတာဝန်ကိုယူတာကတော့ အကောင်းဆုံးပါပဲ။

လေ့ကျင့်ခန်းတွေမှာ အချိန်မှတ်ဖို့အတွက် အဖွဲ့ဝင်တိုင်းမှာ တာဝန်ရှိပါတယ်။ ဒါပေမယ့် လေ့ကျင့်ခန်း တစ်ခုစီတိုင်းမှာ သတ်မှတ်ချိန်ကျော်မကျော်ကို သတိပေးဖို့ အဖွဲ့ဝင်တစ်ဦးကို ရွေးချယ်ရပါမယ်။ သတ်မှတ်ချိန်အတိုင်း တသွေမတိမ်းလိုက်နာရမယ်လို့ မဆိုလိုပေမယ့် သင်တန်းတစ်ခုလုံးကိုတော့ အချိန်မီ ပြီးစီးအောင် ကြိုးစားဖို့လိုပါတယ်။ လေ့ကျင့်ခန်းတစ်ခုမှာ သတ်မှတ်ချိန်ထက် ပိုကြာသွားခဲ့ရင် အခြားလေ့ကျင့်ခန်း တစ်ခုမှာ သတ်မှတ်ချိန်ထက် စောပြီးအောင် ဆောင်ရွက်ခြင်းအားဖြင့် ပြန်ပြီး ထိန်းညှိနိုင်ပါတယ်။

အဖွဲ့ဝင်တိုင်းဟာ တူညီတဲ့ သင်တန်းလမ်းညွှန်စာအုပ်တွေကို ရရှိမှာ ဖြစ်ပါတယ်။ တစ်ဦးချင်း လုပ်ဆောင်ရမယ့် အရာတွေရော၊ အုပ်စုလိုက် လုပ်ဆောင်ရမယ့် အရာတွေကိုပါ ဒီစာအုပ်ထဲမှာ ဖြည့်စွက်ရမှာ ဖြစ်ပါတယ်။

## သင်ယူမှု အစီအစဉ်



# အပိုင်း ၁ -
# ကောင်းမွန်သော ဆက်ဆံရေးနှင့် အလုပ်အကိုင်များ

## အကျဉ်းချုပ်

**၅ မိနစ်**

ကျွန်တော်တို့ဟာ နေ့တိုင်း လူတွေနဲ့ ထိတွေ့ ဆက်ဆံရပါတယ်။ ဘာအလုပ်ပဲ လုပ်လုပ်၊ ဘယ်ပန်းတိုင်ကိုပဲ ဦးတည်သည်ဖြစ်စေ၊ အခြားသူတွေနဲ့ ဆက်ဆံပြီး ပူးတွဲ လုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ ဒီအပိုင်းမှာတော့ ကျွန်တော်တို့ဟာ တစ်ဦးအကြောင်း တစ်ဦး ပိုသိအောင်၊ သင်တန်းရဲ့ ပုံစံနဲ့ ပိုပြီးရင်းနှီးအောင်၊ ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ အရေးပါပုံကို ပိုမိုလက်ခံသဘောပေါက် လာအောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ဒီသင်ရိုးရဲ့ အပိုင်းခြောက်ပိုင်းမှာပါတဲ့ လေ့ကျင့်ခန်း တစ်ခုစီကို ဆောင်ရွက်ရင်းနဲ့ တစ်ဦးထံမှ တစ်ဦး လေ့လာသင်ယူဖို့ပဲ ဖြစ်ပါတယ်။ သင်တန်းဆရာတွေ ရှိမှာမဟုတ်တဲ့ အတွက် ကျွန်တော်တို့ရဲ့ မတူညီတဲ့ အကြံဉာဏ်တွေ၊ အတွေ့အကြုံတွေကို တစ်ဦးနဲ့ တစ်ဦး မျှဝေပြီး အချင်းချင်း ကူညီသွားရမှာ ဖြစ်ကာ နားမလည်တာရှိရင်လဲ အဖွဲ့ကို မေးမြန်းရမှာ ဖြစ်ပါတယ်။ အတူတကွ သင်ယူလေ့လာခြင်း ဆိုတာဟာလဲ ပူးပေါင်းဆောင်ရွက်မှု ပုံစံတစ်မျိုးပဲဖြစ်ပြီး အဖွဲ့ဝင်တွေဟာ တစ်ဦးချင်းစီ အကောင်းဆုံး လေ့လာ သင်ယူနိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လူတစ်စုဟာ ဘုံအကျိုးအမြတ်အတွက် ပူးပေါင်းဆောင်ရွက်ကြတဲ့ အခါမှာ ပူးပေါင်းဆောင်ရွက်မှုဆိုတာ ဖြစ်ပေါ်လာပါတယ်။

## လေ့ကျင့်ခန်း ၁ (က)၊ တစ်ဦးအကြောင်း တစ်ဦး မိတ်ဆက်ခြင်း

**၅ မိနစ်**


ဒီလေ့ကျင့်ခန်းမှာတော့ ဆက်ဆံရေးကောင်းတစ်ခုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ဖို့ ပထမဆုံး အဆင့်အဖြစ် တစ်ဦးအကြောင်း တစ်ဦး ပိုမိုသိနားလည်အောင် ကြိုးစားကြမှာဖြစ်ပါတယ်။ ပထမဆုံး အဆင့် (၁) မှာ ပေးထားတဲ့ လေ့ကျင့်ခန်းကို မစတင်ခင် ညွှန်ကြားချက်တွေအားလုံးကို ကျွန်တော်တို့ ဖတ်ကြပါမယ်။

<u>အဆင့်များ</u>

**မိနစ် ၂၀**

၁။ သင့်အမည်နဲ့ အလုပ်အကိုင်ကို နောက်စာမျက်နှာမှာ ရှိတဲ့လေ့ကျင့်ခန်းစာရွက်မှာ ပေးထားတဲ့ စက်ဝိုင်းထဲမှာ ရေးပါ။
၂။ ပေးထားတဲ့ စာရင်းထဲကနေ သင့်အလုပ်အကိုင်အတွက် အထောက်အကူအပြုဆုံး ပုဂ္ဂိုလ် (၃) မျိုးကို ဝိုင်းပါ။ ဒီလူတွေဟာ သင့်အတွက် "အထောက်အကူပြု" (သို့) "ကောင်းမွန်တဲ့ ဆက်ဆံရေး" ကို ဖော်ပြနေပါတယ်။ ဆက်ဆံရေး ဆိုတာဟာ နှစ်ဦးသို့မဟုတ် ပိုများတဲ့ လူတွေရဲ့ ဆက်သွယ်ပတ်သက်နေပုံ ဒါမှမဟုတ် ဆက်သွယ်ပတ်သက်တဲ့ အခြေအနေကို ဆိုလိုတာဖြစ်ပါတယ်။ (၅ မိနစ်)
၃။ ကျွန်တော်တို့ဟာ ကိုယ့်ကိုကိုယ် မိတ်ဆက်ပြီး ကျွန်တော်တို့ရဲ့ စာရင်းစာရွက်ကို အချင်းချင်း ပြပါမယ်။

လေ့ကျင့်ခန်း ၁ (က) အတွက် လေ့ကျင့်ခန်း စာရွက်



လေ့ကျင့်ခန်း ၁ (က) လေ့ကျင့်ခန်း စာရွက်

အမည် :

အလုပ် : အကိုင်

သင့်နာမည်နဲ့ အလုပ်အကိုင်ကို ရေးပါ

မိမိအလုပ်မှာ အကူအညီအပေးဆုံး ပုဂ္ဂိုလ် (၃) မျိုး

အိမ်နီးနားချင်း အလုပ်အကိုင်တူသူများ

ဆွေမျိုးများ မိမိအားငွေချေးသူများ မောင်နှမ

မိဘ မိမိ၏ အလုပ်သမားများ သားသမီး

မိမိအားဖောက်သည်ရှာပေးသူများ မိမိထံပစ္စည်းသွင်းသူများ

ဇနီး/ခင်ပွန်း၊ အထက်အရာရှိ/သူဌေး အခြား(ရှင်းပြပါ)________

သင့်ကိုအကူအညီအပေးဆုံး ပုဂ္ဂိုလ် (၃) ဦးကို ဝိုင်းပေးပါ

## လေ့ကျင့်ခန်း ၁ (ခ)၊ ဆက်ဆံရေး၏ အရေးပါပုံ



**မိနစ် ၂၀**

အပေါ်က စာရင်းမှာ မြင်ခဲ့သလိုပဲ ကျွန်တော်တို့ဟာ ဘာပဲလုပ်လုပ် အောင် မြင်ဖို့ တခြားသူတွေကို လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကြိုးစားမှုတွေ အောင်မြင်ဖို့ တခြားသော လူများစွာရဲ့ ပူးပေါင်းဆောင်ရွက် မှု လိုပါတယ်။




ဆက်ဆံရေးကောင်းတွေ ရှိခြင်းအားဖြင့် ကျွန်တော်တို့ဟာ ပိုမို ပျော်ရွှင်ကျန်းမာပြီး အလုပ်ပိုတွင်ပါတယ်။ ကိုယ်ပိုင် ကျွမ်းကျင်မှုတွေအပြင် လုပ်ဖော်ကိုင်ဖက်တွေ၊ အခြေအနေတူသူတွေ၊ အလုပ်လုပ်ကိုင်ရာ၊ နေထိုင်ရာ ပတ်ဝန်းကျင်က သူတွေနဲ့ ဆက်သွယ် ပူးပေါင်း ဆောင်ရွက်မှု ရှိခြင်းဟာ ကျွန်တော်တို့ရဲ့

အောင်မြင်မှုအတွက် အရေးကြီးပါတယ်။




ကျွန်တော်တို့ရဲ့ ဆက်ဆံရေး တွေကနေ ကျွန်တော်တို့ရဲ့ အလုပ်နဲ့ ဘဝ အတွက် အဓိပ္ပါယ်တွေ၊ ပြည့်စုံမှုတွေ ရနိုင်ပါတယ်။ တစ်ခါ တစ်ရံ ပြဿနာတွေ ဖြေရှင်းရာမှာ၊ အခွင့်အလမ်း အသစ်တွေ ရှာဖွေ ရာမှာ၊ အလုပ် ပြီးမြောက်အောင် ဆောင်ရွက် ရာမှာ အခြားသူများနဲ့ ဆက်ဆံ ရေးက အဓိကကျပါတယ်။

ကောင်းမွန် ခိုင်မာစွာ ပံ့ပိုးပေးတဲ့ ဆက်ဆံရေးမျိုး ရှိရင် လူတွေဟာ ပြုပြင်ပြောင်းလဲမှု တွေကို အမှန် တကယ် ဖော်ဆောင်လာ နိုင်ပါတယ်။ ဒါပေမယ့် တခြားသူတွေဆီက အကျိုးအမြတ်တွေ ရရှိနိုင်ဖို့ပဲ ဆက်ဆံရေးတွေ တည်ဆောက်တာမျိုးဟာ အဓိပ္ပါယ်မရှိပါဘူး။ တခြားသူတွေဟာ အသုံးချခံရတယ်လို့ ခံစားလာရနိုင်ပြီး ဆက်ဆံရေး ပျက်ပြားနိုင်ပါတယ်။ ကျွန်တော်တို့ဟာ တစ်စုံတစ်ဦးကို တကယ် ခင်မင်သဘောကျလို့၊ သူ့အတွက် ကိုယ်က တစ်ခုခုလုပ်ပေးနိုင်လို့ ဒါမှမဟုတ် တူညီတဲ့ ရည်မှန်းချက်တွေရှိလို့ စတာတွေကြောင့်သာ ဆက်ဆံရေးတွေ တည်ထောင်တာဖြစ်ပါတယ်။

အခု ကျွန်တော်တို့ရဲ ့ စာရင်းကို ပြန်ကြည့်ရအောင်။ ဒီထဲက ဆက်ဆံရေး တစ်ခုကို ရွေးထုတ်ပြီး ဒီဆက်ဆံရေးဟာ ကျွန်တော်တို့ရဲ့ အလုပ်အကိုင်အတွက် ဘာကြောင့် အထူးအရေးပါကြောင်းကို အဖွဲ့ထံ မျှဝေရှင်းပြကြရအောင်။

*အရေးပါသော ဆက်ဆံရေး - ____________________________________ နှင့် ကျွန်တော့်ရဲ့ ဆက်ဆံရေး*

*ဒီဆက်ဆံရေးဟာ အရေးပါပါတယ်။ ဘာကြောင့်လဲဆိုတော့* ____________________________________________

______________________________________________________________________________________


__________________________________________________________________________________________________

______________________________________________________________________

ဘယ်သူမှ အရာတိုင်းကို မသိနိုင်ဘူး။ ဒါပေမယ့် လူတိုင်းဟာ တစ်စုံတစ်ခုကိုတော့ သိကြတယ်။ အတူတကွ လုပ်ကိုင်တတ်ဖို့နဲ့ ဘုံရည်မှန်းချက်အတွက် ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်တော်တို့ သင်ယူကြရပါမယ်။

# အပိုင်း (၂) - အလျားလိုက်နှင့် ဒေါင်လိုက် ဆက်ဆံရေးများ


## အကျဉ်းချုပ်




၅ မိနစ်

ဆက်ဆံရေးတွေဟာ တစ်ခုနဲ့ တစ်ခု မတူပါဘူး၊ ဒါပေမယ့် အားလုံး အရေးပါပါတယ်။ အလျားလိုက် ဆက်ဆံရေးနဲ့ ဒေါင်လိုက်ဆက်ဆံရေးတို့ ကွဲပြားပုံကို လေ့ကျင့်ခန်း ၂ (က) မှာ လေ့လာရမှာ ဖြစ်ပါတယ်။ လေ့ကျင့်ခန်း ၂ (ခ) မှာတော့ ကျွန်တော်တို့ရဲ့ အလုပ်အကိုင်တွေ တိုးတက်ပြီး ရေရှည် တည်တံ့စေဖို့ အလျားလိုက်ဆက်ဆံရေးက ဘယ်လိုအရေးပါလဲဆိုတာကို လေ့လာမှာ ဖြစ်ပါတယ်။ လေ့ကျင့်ခန်းကို မစတင်ခင်မှာ ညွှန်ကြားချက်တွေကို အရင် ဖတ်ရမှာ ဖြစ်ပါတယ်။

## လေ့ကျင့်ခန်း ၂ (က) - အလျားလိုက်နှင့် ဒေါင်လိုက် ဆက်ဆံရေးများကို အမျိုးအစားခွဲခြင်း




၁၀ မိနစ်




ဒေါင်လိုက် ဆက်ဆံရေး ဆိုတာ ကတော့ မတူညီတဲ့ ဆောင်ရွက် မှု တွေ ပြုလုပ်နေတဲ့ လူတွေအကြား က ချိတ်ဆက်မှုကို ဆိုလိုပါ တယ်။ ကျွန်တော်တို့ရဲ့ ပုဂ္ဂလိက ဘဝမှာဆိုရင် မိဘနဲ့ သားသမီး ကြားက ဆက်ဆံရေးဟာ ဒေါင်လိုက်ဆက်ဆံရေး ဥပမာ တစ်ခု ဖြစ်ပါတယ်။ လုပ်ငန်းခွင် မှာ ဆိုရင်တော့ အလုပ်ရှင်နဲ့ ဝန်ထမ်းကြားက ဆက်ဆံရေးမျိုး ဖြစ်ပါတယ်။


အလျားလိုက် ဆက်ဆံရေး ဆိုတာကတော့ တူညီတဲ့ တာဝန်တွေ ယူထားတဲ့ လူတွေအကြားက ချိတ်ဆက်မှုကို ဆိုလိုပါတယ်။ မိသားစုထဲမှာဆိုရင် မောင်နှမတွေအကြားက ဆက်ဆံရေးမျိုး ဖြစ်ပါတယ်။ သို့ပေမယ့်လဲ အာရှနိုင်ငံတွေက မိသားစုတွေမှာတော့ မောင်နှမတွေမှာ အကြီးနဲ့ အငယ်ကြား ဒေါင်လိုက် ဆက်ဆံရေးမျိုး ရှိနိုင်ပါတယ်။ ဒေါင်လိုက်ဆက်ဆံရေးမှာ အဆင့်ဆင့် (အထက်အောက် ဆက်ဆံရေး) ပုံစံရှိပြီး အလျားလိုက်ဆက်ဆံရေးမှာတော့ (ရာထူးနေရာနဲ့ လုပ်မှုရေးအရှိန်အဝါ တူညီသော) အဆင့်တူသူတွေအကြား ညှိနှိုင်းမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိလာပါတယ်။

အဆင့်များ



**မိနစ် ၂၀**

၁။ အောက်မှာပေးထားတာကတော့ မိသားစု ပြင်ပက ဆက်ဆံရေးတွေ ဖြစ်ပါတယ်။ ဆက်ဆံရေး တစ်ခုစီကို ဖတ်ပြီးတိုင်း ဒီဆက်ဆံရေးဟာ အလျားလိုက်လား၊ ဒေါင်လိုက်လားဆိုတာကို ကျွန်တော်တို့ ဆွေးနွေးရပါမယ်။ အဖြေတစ်ခုကို အားလုံးသဘောတူရွေးချယ်ပြီးပြီဆိုရင် သက်ဆိုင်ရာ အကွက်မှာ ဖြည့်ရပါမယ်



| ဆက်ဆံရေး | အလျားလိုက် ဆက်ဆံရေး | ဒေါင်လိုက် ဆက်ဆံရေး |
|---|---|---|
| လယ်သမားက ကုန်သည်ထံ ပစ္စည်းသွင်းခြင်း | ○ | ○ |
| အလုပ်သမားများ အချင်းချင်း ကူညီကြခြင်း | ○ | ○ |
| ဆိုင်ရှင်တစ်ဦးက လုပ်ငန်းတူလုပ်ကိုင်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်း | ○ | ○ |
| မြေဩဇာရောင်းသူနှင့် လယ်သမား | ○ | ○ |
| ငါးသည်များစု၍ ငွေစုငွေချေးအဖွဲ့ငယ်လေး ထူထောင်ခြင်း | ○ | ○ |
| ဈေးသည် တစ်ဦး အခြားဈေးသည်ထံမှ ပစ္စည်းများ ငှားယူခြင်း | ○ | ○ |
| အိမ်နီးနားချင်းများ စု၍ ရပ်ကွက်ပိုင်ရေစက် ဆောက်ခြင်း | ○ | ○ |
| ဆောက်လုပ်ရေးအလုပ်သမားနှင့် ကန်ထရိုက်တာ | ○ | ○ |

*အဖြေများကို စာမျက်နှာ (၃၃) မှာတွေ့နိုင်ပါတယ်။*

၂။ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်အတွေ့အကြုံ ဒါမှမဟုတ် အလုပ်နဲ့ ပတ်ဝန်းကျင်မှာ မြင်တွေ့ဖူးတာကို အခြေခံပြီး ဒေါင်လိုက်ဆက်ဆံရေးနဲ့ အလျားလိုက်ဆက်ဆံရေး တစ်ခုစီကို ချရေးပြီး အချင်းချင်း မျှဝေကြမယ်။

*ဒေါင်လိုက်ဆက်ဆံရေး-*

*အလျားလိုက်ဆက်ဆံရေး-*

## လေ့ကျင့်ခန်း ၂ (ခ) - စည်းလုံးမှ ခိုင်မာ၊ မစည်းလုံးလျှင် ပြိုလဲမည်။ [1]



**၂၅ မိနစ်**

အလျားလိုက် ပူးပေါင်းဆောင်ရွက်ခြင်း အားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့ ဒေါင်လိုက်ဆက်ဆံရေး ပေါ်ပေါက်လာဖို့ အတွက် လည်း ရေခံမြေခံ ဖြစ်လာနိုင်ပါတယ်။ ဥပမာ အလုပ်သမားတွေ အဖွဲ့ဖွဲ့ကာ

[1] ဤလေ့ကျင့်ခန်းမှာ ဘူတန်နိုင်ငံ စိုက်ပျိုးမွေးမြူရေး ဈေးကွက်မြင့်တင်ရေးနှင့် သမဝါယာမ ဌာန၏ ငွေကြေးမတည်မှုဖြင့် စီမံခန့်ခွဲမှု လေ့လာရေးဌာန မှနေ၍ SNV ဘူတန် ၏ ပံ့ပိုးမှုနှင့်အတူ ရေးသားပြုစုထားသည့် "လယ်သမား အသင်းအဖွဲ့နှင့် သမဝါယာမလုပ်ငန်းများ၏ ခေါင်းဆောင်မှုမြင့်တင်ရေး - သင်တန်းနည်းစနစ်များ" (၂၀၁၁) အား မှီငြမ်းပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

အားလုံးရဲ ့ ဘုံအကျိုးစီးပွားအတွက် ပူးပေါင်း ဆောင်ရွက်မယ်ဆိုရင် လုပ်ငန်းခွင်အခြေအနေတွေ တိုးတက်လာဖို့ ပိုပြီး ကောင်းကောင်း တောင်းဆိုညှိနှိုင်းနိုင်လာမှာ ဖြစ်ပါတယ်။ အလားတူပဲ တက္ကစီမောင်းသူတွေ စုစည်းပြီး ငွေစုငွေချေး သမဝါယာမ လုပ်ငန်းလေး ဖွဲ့စည်းကာ အဖွဲ့ဝင် တွေရဲ့ အရေးပေါ် အသုံးစရိတ်၊ ကလေး ကျောင်းစရိတ်နဲ့ တခြား ငွေကြေးလိုအပ်ချက်တွေကို ကူညီဖြည့်ဆည်းပေးနိုင် ပါတယ်။ ကျွန်တော်တို့ စုစည်းလုပ်ကိုင်ကြတဲ့အခါမှာ ပိုပြီးအားကောင်းလာပြီး တစ်ဦးတစ်ယောက်ချင်းအားနဲ့ မလုပ်နိုင်တဲ့ အရာတွေကို လုပ်ဆောင်လာနိုင်ပြီး ပိုမို အောင်မြင်လာနိုင်ပါတယ်။

ဤလေ့ကျင့်ခန်းမှာ အောက်ပါအဆင့် တစ်ဆင့်ချင်းစီကို ဖတ်ရှု လုပ်ဆောင်သွားရပါမယ်။

<u>အဆင့်များ</u>

၁။ ပြောင်ဖြစ်နေတဲ့ နောက်စာမျက်နှာကို ဖြုတ်ယူလိုက်ပါ။
၂။ ရလာတဲ့ စာရွက်ကို အလယ်တည့်တည့်ကနေ နှစ်ဖက်အညီအမျှထားပြီး ခေါက်ပါ။
၃။ အလယ်က ခေါက်ရာအတိုင်း စာရွက်ကို ဖြဲပါ။ ရလာတဲ့ နှစ်ပိုင်းကို ထပ်လိုက်ပါ။
၄။ စာရွက်နှစ်ရွက်ထပ်ထားတာကို ခေါက်ပြီး ထပ်ဖြဲပါ။ ရလာတဲ့ စာရွက်တွေကိုလဲ ဒီအတိုင်း ထပ်ပြီး ခေါက်ပြီး ဖြဲပါ။ နောက်ဆုံး စာရွက်အထပ်က အရမ်းထူပြီး မဖြဲနိုင်တော့တဲ့ အထိ ဆက်လုပ်ပါ။

စာရွက်ဟာ တစ်ရွက်ထဲ ဒါမှမဟုတ် အရွက်အနည်းငယ်ထဲဆိုရင် ဖြဲရတာအလွယ်ဆုံး ဖြစ်ပါတယ်။ စာရွက်တွေများလာတာနဲ့ အမျှ ဖြဲရတာ ခက်လာလေဖြစ်ပါတယ်။ ဒီလိုပဲ စီးပွားရေးမှာလဲ လယ်သမား တစ်ယောက်ဟာ တစ်ဦးထဲဆိုရင် ကုန်သည်တွေနဲ့ ဈေးညှိတဲ့အခါ မလုန်နိုင်ဘူးလို့ ခံစားရတတ်ပါတယ်။ ဒါပေမယ့် လယ်သမားတွေ စုစည်းပြီး လုပ်ကိုင်တဲ့အခါမှာတော့ သူတို့ဟာ ပိုပြီးတောင်းဆိုလာနိုင်ပါတယ်။


*ဆိုကြပါစို့၊ တစ်ဦးတည်း လုပ်ကိုင်နေတဲ့ လယ်သမားတစ်ယောက်ဟာ သူ့ရဲ ့ သီးနှံတွေကို တစ်ကီလို ၅၀၀၀ ကျပ်နဲ့ ကုန်သည်ဆီမှာ သွားရောင်းတဲ့အခါ ကုန်သည်က တစ်ကီလို ၄၀၀၀ ပဲပေးနိုင်မယ်လို့ ဆိုပါတယ်။ ဒီလယ်သမားဟာ သူလိုချင်တဲ့ ဈေးရအောင် တောင်းနိုင်မယ်လို့ ထင်ပါသလား။ ဘာကြောင့်ပါလဲ။*

*အခုနောက်တစ်မျိုး စဉ်းစားကြရအောင်၊ ဒီလယ်သမားဟာ အခြားလယ်သမားတွေနဲ့ ပူးပေါင်းပြီး ကုန်သည်နဲ့ သွားညှိနှိုင်းကြပါတယ်။ တစ်ဦးချင်းထက်စာရင် အဖွဲ့လိုက်က ဈေးပိုကောင်းကောင်းရနိုင်တယ်လို့ သင်ထင်ပါသလား။ ဘာကြောင့်ပါလဲ။*

လေ့ကျင့်ခန်း ၂ (ခ) အတွက် စာရွက်၊ ဒီစာရွက်ကို ဖြဲယူပါ။

# အပိုင်း (၃) -
# အကျိုးတူ စုပေါင်းဆောင်ရွက်ခြင်း၏ အကျိုးအမြတ်များ


**အကျဉ်းချုပ်**



**၅ မိနစ်**


အကျိုးတူ စုပေါင်းဆောင်ရွက်ခြင်းဆိုတာကတော့ မိမိတို့ရဲ့ အခြေအနေကို တိုးတက်အောင် ပြုလုပ်လိုပြီး ဘုံရည်မှန်းချက် ရှိထားကြတဲ့ လူတစ်စုက အတူတစ်ကွ ပူးပေါင်းဆောင်ရွက်ကြခြင်းကို ဆိုလိုပါတယ်။ လူတစ်စုဟာ ဘုံအကျိုးအမြတ်တစ်ခုအတွက် စုပေါင်းဆောင်ရွက်ကြတဲ့အခါမှာ ပူးပေါင်းဆောင်ရွက်မှု ဆိုတာ ဖြစ်ပေါ်လာပါတယ်။ ဒီသင်ခန်းစာအပိုင်းရဲ့ ရည်ရွယ်ချက်ကတော့ အုပ်စုလိုက် စုပေါင်း ဆောင်ရွက်ခြင်းရဲ့ အကျိုးအမြတ်တွေကို သိရှိလာစေဖို့နဲ့ ဘယ်လိုအခြေအနေမျိုးမှာ အုပ်စုလိုက် ဆောင်ရွက်တာဟာ တစ်ဦးချင်း ဆောင်ရွက်တာထက် ပိုပြီး အကျိုးဖြစ်ထွန်းစေမလဲ ဆိုတာကို ဖော်ထုတ်နိုင်စေဖို့ပဲ ဖြစ်ပါတယ်။

## လေ့ကျင့်ခန်း ၃ (က) - အဖွဲ့လိုက် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ



**၁၀ မိနစ်**

အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ကိစ္စရပ်အမျိုးမျိုးအကြောင်း ပိုမို သိမြင်နားလည်လာနိုင်ဖို့ ကိုနီတိုးရဲ့ ဇာတ်လမ်းကို ဖတ်ကြည့်ရအောင်။




*ကိုနီတိုးဟာ သူ့ရဲ့ စိုက်ခင်းအသေးလေးမှာ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးပါတယ်။ သူစိုက်ပျိုးရောင်းချနိုင်တဲ့ ပမာဏက နည်းတဲ့အတွက် သူ့ရွာက ကုန်သည်က သူ့သီးနှံတွေကို ဈေးနှိမ်ပြီး နည်းနည်းလေးပဲ ပေးပါတယ်။ သယ်ယူပို့ဆောင်စရိတ်နဲ့ သူ့အမြတ်က မကာမိတဲ့အတွက် ကိုနီတိုးဟာ တခြားရွာမှာ သွားမရောင်းနိုင်တာကိုလဲ ကုန်သည်က သိထားပါတယ်။ ဒ့ါအပြင် ကိုနီတိုးဟာ မြေသြဇာ ဝယ်တဲ့အခါမှာလဲ ပမာဏနည်းနည်းပဲ ဝယ်တဲ့အတွက် ဈေးကို အများကြီးပေးဝယ်နေရပါတယ်။*

*တစ်နေ့မှာတော့ သူ့ရဲ့ အိမ်နီးချင်း အသေးစား လယ်သမား တစ်ဦးလည်း ဖြစ်တဲ့ မနီလာက သူမတို့ အဖွဲ့ အစည်း အဝေးကို ကိုနီတိုးကို ခေါ်သွားပါတယ်။ မနီလာတို့ရဲ့ သမဝါယာမအဖွဲ့လေးဟာ သူ့လို အသေးစားလယ်သမား တွေနဲ့ စုဖွဲ့ထားတာကို*

*ကိုနီတိုး သိလိုက်ရ ပါတယ်။ ဒီသမဝါယာမအဖွဲ့ဟာ မြို့က ကုန်သည်တွေဆီ သီးနှံ တိုက်ရိုက်ရောင်းချနေပြီး သူတို့ ရောင်းနိုင်တဲ့ ပမာဏ ပိုများလာစေဖို့အတွက် လယ်သမား အဖွဲ့ဝင်သစ်တွေကို ရှာဖွေလျက်ရှိပါတယ်။ သူတို့ဟာ အားလုံးရဲ့ သီးနှံထွက်ကုန်တွေကို ပေါင်းပြီး ကုန်သည်တွေ အနိမ့်ဆုံး ဝယ်တဲ့ပမာဏကို ဖြည့်ဆည်းပေးနိုင်ကာ ဈေးကောင်းကောင်းလဲ တောင်းနိုင်ပြီး သယ်ယူပို့ဆောင်ရေးစရိတ်လည်း လျှော့ချလာနိုင်ပါတယ်။ သူတို့ဟာ စိုက်ပျိုးရေး သွင်းအားစုတွေကိုလည်း စုပေါင်း ဝယ်ကြတဲ့အတွက် အရည်အသွေး ကောင်းတဲ့ ပစ္စည်းတွေကို ပိုသက်သာတဲ့ ဈေးနဲ့ ရပါတယ်။*




*ဒီသမဝါယာမအဖွဲ့ဟာ အစိုးရရဲ့ ထောက်ပံ့မှုအစီအစဉ်နဲ့လည်း ချိတ်ဆက်ထားပြီး အဖွဲ့ဝင်တွေအနေနဲ့ မြေဩဇာကို ထိထိရောက်ရောက် သုံးစွဲတတ်ဖို့ ကူညီလျက်ရှိပါတယ်။*




**မိနစ် ၂၀**

အောက်ပါ ဇယားမှာ ကိုနီတိုးကြုံတွေ့နေရတဲ့ အခက်အခဲတွေနဲ့ မနီလာတို့ သမဝါယာမဖွဲ့ရဲ့ ဖြေရှင်းပုံနည်းလမ်း တွေကို ဖော်ပြထားပါတယ်။ အဖွဲ့ရဲ့ နည်းလမ်းတွေက ကိုနီတိုးအတွက် ဘယ်လို အထောက်အကူပေးမလဲဆိုတာကို ဇယားကွက် နံပါတ် (၃) မှာ ချရေးပါ။ သင့်အဖြေတွေကို အဖွဲ့ထံချပြပြီး ဆွေးနွေးပါ။

| ဇယားကွက် (၁)<br>**ကိုနီတိုးရဲ့ အခက်အခဲများ** | ဇယားကွက် (၂)<br>**ဖြေရှင်းနည်း/အဖွဲ့လိုက် ဆောင်ရွက်မှု** | ဇယားကွက် (၃)<br>**အဖွဲ့ရဲ့ နည်းလမ်းတွေက ကိုနီတိုးကို ဘယ်လို အထောက်အကူပြုမလဲ** |
|---|---|---|
| *ရောင်းမည့် သီးနှံ နည်းသည့်အတွက် ဈေးခေါ်နိုင်စွမ်းမရှိဘဲ ဈေးနှိမ်ခံရခြင်း*<br>*ပမာဏနည်း သည့်အတွက် သီးနှံ တစ်ခုစီ အလိုက် သယ်ယူစရိတ် ကြီးမားခြင်း* | *လယ်သမားများက သီးနှံများကို သမဝါယာမအဖွဲ့ထံ ရောင်းချကာ သမဝါယာမ အဖွဲ့က ကုန်သည်များထံ တိုက်ရိုက်ရောင်းချသည်။* | |
| *မြေဩဇာဝယ်ယူစရိတ် များပြားခြင်း* | *သမဝါယာမအဖွဲ့က မြေဩဇာ ပမာဏ အများအပြားဝယ်ကာ လယ်သမားများထံ သင့်တင့်သော ဈေးဖြင့်ပြန်ရောင်းသည်။*<br><br>သမဝါယာမအဖွဲ့က မြေဩဇာ အသုံးပြုပုံ သင်တန်းများပေးသည်။ | |

## လေ့ကျင့်ခန်း ၃ (ခ) - မိမိကိုယ်ကို ကူညီပြီး၊ တခြားသူတွေကိုလည်း ကူညီမယ်




၁၅ မိနစ်

ပြဿနာတစ်ခုကို ဖြေရှင်းရာမှာ သို့မဟုတ် အခွင့်အလမ်းတစ်ခုကို ရယူရာမှာ အဖွဲ့လိုက် ဆောင်ရွက်သင့်မသင့် ဆိုတာကို စဉ်းစားဆုံးဖြတ်နိုင်ဖို့ အောက်ပါ အဓိက လမ်းညွှန်ချက်တွေကို လေ့လာကြည့်ပါ။

- မိမိတို့ လိုအပ်တဲ့ အရာ တွေဟာ တစ်ဦး တစ်ယောက် ချင်းရဲ့အားနဲ့ တတ်နိုင်တာ ထက် ပိုများနေတတ်ပါတယ်။ ဥပမာ အားဖြင့်၊ မနီလာနဲ့ သူမရဲ့ အဖွဲ့ဟာ သူတို့ရဲ့ ဟင်းသီး ဟင်းရွက် တွေကနေ ကုန်ချော တွေ ထုတ်ချင်ပေမယ့် လိုအပ်တဲ့ စက် ပစ္စည်းတွေ မရှိပါဘူး။ ဒါနဲ့ သူတို့ဟာ ပိုက်ဆံစုပြီး ခေါက်ဆွဲ ထုတ်တဲ့ စက်တစ်ခုကို ဝယ်လိုက်ပါတယ်။ အခုအခါ သူမတို့ရဲ့ အဖွဲ့ဝင်တိုင်းဟာ ပစ္စည်း ထိန်းသိမ်းစရိတ် အဖြစ် အခကြေးငွေ အနည်းငယ်ပေးပြီး စက်ကို အလှည့်ကျ သုံးနေကြ ပါပြီ။




- မိမိတို့ လိုအပ်တဲ့ ပစ္စည်း တွေကို များများ ဝယ်ခြင်းအားဖြင့် လျှော့ဈေး ရပြီး ကုန်ကျစရိတ်တွေ လျှော့ချနိုင်ဖို့ လိုပါတယ်။ ဥပမာ မြေသြဇာတွေကို ပမာဏ များများ ဝယ်ခြင်းအားဖြင့် မနီလာတို့ အဖွဲ့ဟာ လက်ကား ဈေးနဲ့ ရပြီး လက်လီဈေးထက် ၃၀ရာခိုင်နှုန်းလောက် သက်သာ သွား ပါတယ်။ အဖွဲ့ဝင်တစ်ဦးချင်း မြို့တက်ပြီး မြေသြဇာကို တစ်အိတ်စ၊ နှစ်အိတ်စ ဝယ်မနေတော့ဘဲ အလှည့်ကျမြို့တက်ပြီး သူတို့အားလုံး လိုအပ်တဲ့ ပမာဏကို တစ်ပြိုင်တည်း ဝယ်လိုက်ပါတယ်။ ဒါကြောင့် သယ်ယူပို့ဆောင်ရေး စရိတ်လဲ သက်သာ သွားပါတယ်။



- မိမိတို့ရဲ့ လုပ်ငန်း တိုးတက်ဖို့ အတွက် လိုအပ်တဲ့ ကျွမ်းကျင်မှု၊ ဗဟုသုတ ဒါမှမဟုတ် တခြား လိုအပ်ချက် (ငွေကြေး၊ စက်ပစ္စည်း၊ စသည်) တွေ ပေးနိုင်မယ့် ကွန်ရက်နဲ့ ချိတ်ဆက်နိုင်ဖို့ လိုပါ တယ်။ ဖွံ့ဖြိုးရေး အကူအညီ ပေးတဲ့ အဖွဲ့အစည်း တွေနဲ့ အသေးစား ငွေချေးလုပ်ငန်းတွေဟာ လူတစ်ဦး ချင်း ထက်စာရင် အစုအဖွဲ့တွေနဲ့ ပိုပြီး ချိတ်ဆက် လုပ်ကိုင် လိုကြပါတယ်။




- ကျွန်တော်တို့ဟာ တခြားသူတွေနဲ့ ပိုမို တောင်းဆို ညှိနှိုင်းနိုင်ဖို့ လိုပါတယ်။ အလျားလိုက် ပူးပေါင်း ဆောင်ရွက်ခြင်း အားဖြင့် ညှိနှိုင်းတာ၊ တောင်းဆိုတာ၊ မူဝါဒအပြောင်းအလဲအတွက် တွန်းအားပေးတာတွေ လုပ်လာနိုင်ပါတယ်။ ကုန်ပစ္စည်းတွေကို အများအပြားရောင်းချခြင်းအားဖြင့်၊ စုပေါင်းအဖွဲ့အနေနဲ့ ဖောက်သည် အသစ်တွေ ရလာနိုင်ပြီး ဈေးညှိရာမှာလဲ ပိုအဆင်ပြေလာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေနဲ့ အခွင့်အလမ်း တွေကို ပြန်စဉ်းစားကြည့်ရအောင်။ ပြီးတဲ့အခါ ဒီ အခက်အခဲနဲ့ အခွင့်အလမ်းတွေကို ကိုင်တွယ်ရာမှာ တစ်ဦးတည်း လုပ်တာနဲ့ အဖွဲ့လိုက်လုပ်တာရဲ့ အကျိုးအပြစ်တွေကို စဉ်းစားကြပါမယ်။ လေ့ကျင့်ခန်း ၃ (ခ) အတွက် လေ့ကျင့်ခန်းစာ ရွက်ပေါ်က ဇယားရဲ့ ပထမဆုံးအတန်းမှာ နမူနာတစ်ခု ပေးထားပါတယ်။

<u>အဆင့်များ</u>

 မိနစ် ၂၀




၁။ သင့်အလုပ် (သို့) လုပ်ငန်းမှာ တွေ့ရတဲ့ အခက်အခဲအနည်းဆုံး (၃) ခုကို ချရေးပါ။

၂။ သင့်အခက်အခဲတွေကို ဖြေရှင်းဖို့ ဖြစ်နိုင်တဲ့ နည်းလမ်း တွေကို ရှာပါ။ သင့်အခက် အခဲတွေကို သင့်တော်တဲ့နည်းနဲ့ ဖြေရှင်းခြင်း အားဖြင့် သင်ဟာ သင့်အတွက်နဲ့ အခြားသူ တွေအတွက် တိုးတက်ဖို့ အခွင့်အလမ်းတွေ ဖန်တီး ပေးလာနိုင်မှာ ဖြစ်ပါတယ်။
၃။ တစ်ဦးတည်း ဖြေရှင်းတာနဲ့ အဖွဲ့လိုက် ဖြေရှင်းတာ ဘယ်လို မတူညီတဲ့ အားသာချက် တွေ ရှိသလဲဆိုတာကို သုံးသပ်ပါ။ အပေါ်က လမ်းညွှန်ချက်တွေကို အခြေခံ စဉ်းစားပါ။

၄။ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) ဘယ်နည်းလမ်းက သင့်အတွက် ပိုအဆင်ပြေမလဲဆိုတာကို ဆုံးဖြတ်ပါ။


၅။ အဖွဲ့ဆီကို ချပြပြီး ဆွေးနွေးပါ။

<u>လေ့ကျင့်ခန်း ၃ (ခ) အတွက် လေ့ကျင့်ခန်း စာရွက်</u>

| အခက်အခဲများ | ဖြစ်နိုင်သည့် ဖြေရှင်းနည်းလမ်း | အားသာချက်များ | | တစ်ဦးချင်းနဲ့ အဖွဲ့လိုက်မှာ ဘယ်ပုံစံက ပိုအဆင်ပြေနိုင်မလဲ။ |
|---|---|---|---|---|
| | | တစ်ဦးချင်း | အဖွဲ့လိုက် | |
| *<u>ဥပမာ -</u>*<br>*ပြန်ရောင်းမယ့် ပစ္စည်းကို တစ်ကြိမ်မှာ နည်းနည်းစီသာ ဝယ်တဲ့အတွက် လက်ကားဈေးနဲ့ ဝယ်လို့ မရပါ။* | *ကိုယ့်နဲ့ အလားတူ ပစ္စည်းကို ရောင်းတဲ့ သူတွေ အများကြီး ရှိတဲ့အတွက် သူတို့နဲ့ ပေါင်းပြီး တစ်သုတ် တည်းနဲ့ အများကြီး ဝယ်နိုင်တယ်။* | *တခြားသူ တွေနဲ့ ညှိလုပ်စရာ မလိုတဲ့အတွက် ကိုယ့်ဘာသာကိုယ် မြန်မြန်ပဲ ဝယ်နိုင်တယ်။* | *ကုန်ပစ္စည်းတွေကို လက်ရှိဈေးထက် ၂၀ ရာခိုင်နှုန်း သက်သာတဲ့ ဈေးနဲ့ ရတယ်။ ပစ္စည်းသွင်း သူကို ဆိုင်အထိ ပစ္စည်းလာပို့ခိုင်းလို့ ရတယ်။* | *အဖွဲ့လိုက်* |
| | | | | |
| | | | | |
| | | | | |

# အပိုင်း ၄ - လုပ်ငန်းဖွဲ့စည်းပုံကို ရွေးချယ်ခြင်း


## အကျဉ်းချုပ်



၅ မိနစ်

လူအနည်းငယ် သို့မဟုတ် မိတ်ဆွေအချို့ အလွတ်သဘော စုစည်းကြကာ အချက်အလက်တွေ ပစ္စည်းတွေ ဖလှယ်ကြတာ၊ အချင်းချင်း အခွင့်အလမ်းတွေ ရှာပေးကြတာ၊ ကုန်ပစ္စည်းတွေ စုပြီး ရောင်းကြတာ စတာမျိုးတွေ မကြာခဏ တွေ့ရပါတယ်။ ဒီလိုအလွတ်သဘော စုဖွဲ့ထားတဲ့ အဖွဲ့တွေမှာ ကြုံရတတ်တဲ့ အခက်အခဲ၊ ပြဿနာလေးတွေရှိပါတယ်။ ဒါတွေကတော့ ဘဏ်တွေ၊ ကုန်ပစ္စည်း ဝယ်ယူတဲ့ လုပ်ငန်းကြီးတွေ (ဥပမာ စူပါမားကတ်များ) နဲ့ ချိတ်ဆက်လုပ်ကိုင်နိုင်ဖို့ တရားဥပဒေအရ ခိုင်မာမှု မရှိခြင်း၊ အဖွဲ့ဝင် ဝန်ထမ်းတွေ အလုပ်သမား ခံစားခွင့် မရရှိခြင်း၊ အဖွဲ့ဝင်တွေ စိတ်ပါဝင်စားမှု နည်းပြီး တာဝန်ယူမှု၊ ဆက်လက် ပါဝင်လုပ်ကိုင်မှု မရှိတော့ခြင်း စတာတွေ ဖြစ်ပါတယ်။ ဒီလို အလွတ်သဘော အဖွဲ့တွေဟာ မကြာမကြာ တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်လာတဲ့အခါမှာ ဥပဒေအရ ခိုင်မာမှုရှိကာ ဘဏ်က ငွေချေးနိုင်ဖို့နဲ့ လုပ်ငန်းကြီးတွေနဲ့လည်း ချိတ်ဆက်လုပ်ကိုင်နိုင်လာဖို့အတွက် ကိုယ့်အဖွဲ့ကို တရားဝင် အဖွဲ့အစည်းအဖြစ် ပြောင်းလဲဖွဲ့စည်းလိုလာကြမှာ ဖြစ်ပါတယ်။ အလွတ်သဘော ပူးပေါင်းဆောင်ရွက်ရာကနေ တရားဝင် လုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းမယ်ဆိုရင် ပိုင်ဆိုင်မှု၊ လုပ်ငန်း ဖွဲ့စည်းပုံ စတာတွေကို ဘယ်လိုထားမလဲဆိုတဲ့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို ပြုလုပ်ရပါတော့မယ်။ လုပ်ငန်းဖွဲ့စည်းပုံကို ရွေးချယ်တဲ့အခါ စဉ်းစားရမယ့် အချက်တွေကို လေ့ကျင့်ခန်း ၄ (က) မှာ ရှင်းပြထားပါတယ်။ လေ့ကျင့်ခန်း ၄ (ခ) မှာတော့ သမဝါယမလုပ်ငန်း တစ်ခုရဲ့ တန်ဖိုးတွေနဲ့ စည်းမျဉ်း တွေအကြောင်းကို လေ့လာမှာဖြစ်ပြီး ဒီအရာတွေက ကျွန်တော်တို့ရဲ့ ကိုယ်ပိုင် ရည်မှန်းချက်တွေနဲ့ ကိုက်ညီမှု ရှိမရှိကိုလဲ စဉ်းစားကြမှာ ဖြစ်ပါတယ်။

## လေ့ကျင့်ခန်း ၄ (က) - လုပ်ငန်းဖွဲ့စည်းပုံကို ရွေးချယ်ရာမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်များ



၁၅ မိနစ်

မစန္ဒာဟာ ဆောက်လုပ်ရေး အလုပ်သမတစ်ဦး ဖြစ်ပြီး လုပ်ဖော်ကိုင်ဖက် တွေနဲ့အတူ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွေမှာ နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ပါတယ်။ သူတို့ လုပ်ဖော်ကိုင်ဖက်တွေထဲက တစ်ယောက်ယောက်က ဆောက်လုပ်ရေးလုပ်ငန်းအသစ်အကြောင်း ကြားတိုင်း တခြားသူတွေကို ပြန်ပြီး ပြောပြပါတယ်။ အများအားဖြင့် သူတို့ဟာ လုပ်ငန်းခွင်သစ်မှာ အလုပ်ရဖို့ ကြားပွဲစားတစ်ယောက်ကို ပွဲခပေးရလေ့ရှိပါတယ်။ လုပ်ငန်းခွင်မှာ ခံစားခွင့်တွေရဖို့နဲ့ လုပ်ခဘယ်လောက်ရမလဲဆိုတာဟာ ပွဲစားအပေါ်ပဲ မူတည်ပါတယ်။ မစန္ဒာနဲ့ သူ့အဖွဲ့ဟာ အလုပ်သမားတွေ ရှာပေးတဲ့ လုပ်ငန်းတစ်ခု ထူထောင်ဖို့ စဉ်းစားလျက်ရှိပြီး မကြာခင်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေကို တိုက်ရိုက် အလုပ်သမား သွင်းပေးနိုင်တဲ့ အဆင့်ထိသွားဖို့လဲ မျှော်လင့်ထားပါတယ်။ သူတို့ဟာ ခိုင်မာတဲ့လုပ်ငန်းတစ်ခုဖြစ်ကြောင်း ပြနိုင်ရင် ပွဲစားကတဆင့် တစ်ဦးချင်း အလုပ်ရှာစရာမလိုဘဲ ဆောက်လုပ်ရေး လုပ်ငန်းတွေနဲ့ တိုက်ရိုက်စကားပြောပြီး အလုပ်သမားတွေ သွင်းပေးနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ တစ်ဦးချင်းဆီမှာတော့ လုပ်ငန်းစတင်နိုင်ဖို့ ငွေကြေးအများကြီး လိုအပ်နေပေမယ့်လဲ သူတို့ဟာ လုပ်ငန်းကျွမ်းကျင်ပြီး ဆောက်လုပ်ရေး ကုမ္ပဏီတွေနဲ့ အဆက်အသွယ်ရှိပါတယ်။ သူတို့ရဲ့ လိုအပ်ချက်၊ စွမ်းဆောင်ရည်နဲ့ မျှော်မှန်းချက်တို့နဲ့ အလိုက်ဖက်ဆုံးဖြစ်မယ့် လုပ်ငန်း ဖွဲ့စည်းပုံကို ရွေးချယ်ဆုံးဖြတ်နိုင်ဖို့ အောက်ပါ ဖွဲ့စည်းပုံနဲ့ ပိုင်ဆိုင်မှု ပုံစံတွေနဲ့ တစ်ခုချင်းစီရဲ့ အဓိက အချက်တွေကို သူတို့ ချရေးကြည့်ကြပါတယ်။



- တစ်ဦးတည်းကသာ ပိုင်ဆိုင်တယ်
- ပိုင်ရှင်ကနေ လုပ်အား၊ အရင်းအနှီးနဲ့ စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူ ဖြည့်ဆည်းတယ်
- အမြတ်အားလုံးကို ယူတယ်၊ အရှုံးအားလုံးကိုလည်း ကျခံတယ်
- ရည်ရွယ်ချက် - ကိုယ့်စိတ်ကြိုက်ကိုယ်လုပ်ပြီး ဝင်ငွေရှာတယ်
- ဥပမာ - အဓိကအားဖြင့် အသေးစား ကုမ္ပဏီများ

## တစ်ဦးတည်းပိုင်လုပ်ငန်း




- ရင်းနှီးမတည်ငွေ အမြောက်အများ ရှာဖွေနိုင်တဲ့ နည်းလမ်းဖြစ်တယ်
- ရှယ်ယာ ထည့်ဝင်မှု ပမာဏအလိုက် ပိုင်ဆိုင်မှုနဲ့ ထိန်းချုပ်ပိုင်ခွင့်ကို ခွဲဝေထားတယ်
- ပိုင်ရှင်တွေက အရင်းအနှီးပဲ ထည့်ဝင်တယ်
- ရည်ရွယ်ချက် - ရင်းနှီးထားသည့် ပမာဏ အလိုက် အမြတ်ပြန်လည် ရရှိရန်
- ဥပမာ - အဓိကအားဖြင့် အလတ်စားနှင့် အကြီးစား လုပ်ငန်းများ

## အစုရှယ်ယာစနစ်ဖြင့် အများပိုင် လုပ်ငန်း

မူရင်းပုံ ပိုင်ရှင် - Investopedia




သင်သာ မစန္ဒာရဲ့ မိတ်ဆွေတစ်ယောက်ဆိုရင် ဘယ်လို ပိုင်ဆိုင်မှု ပုံစံကို ရွေးချယ်မလဲ။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ အောက်က အဆင့်တွေအတိုင်း လိုက်လုပ်ကြည့်ရအောင် -

<u>အဆင့်များ</u>



**မိနစ် ၃၀**

၁။ အောက်ပါ မေးခွန်းများအတွက် တစ်ဦးချင်းစီ အဖြေများကို အမှန်ခြစ်ဖြေဆိုပါ။ ဇယားကွက် (၂) က အဖြေတွေထဲက သင့်ခံစားချက်၊ အယူအဆနဲ့ အနီးစပ်ဆုံး အဖြေကို ရွေးချယ်ပါ။ ဇယားကွက် (၃) မှာတော့ သင့်ရည်ရွယ်ချက်နဲ့ ဘယ်ဖွဲ့စည်းပုံစနစ်က ပိုကိုက်ညီမလဲဆိုတာရွေးချယ်ပါ။

| **မေးခွန်း**<br>*ဇယားကွက် (၁)* | **အဖြေ**<br>*ဇယားကွက် (၂)* | | **သင်ဖြစ်ချင်တာနဲ့ အကိုက်ညီဆုံး ပိုင်ဆိုင်မှု/ဖွဲ့စည်းပုံ ပုံစံ**<br>*ဇယားကွက် (၃)* | |
|---|---|---|---|---|
| လုပ်ငန်း ထူထောင် လုပ်ကိုင်လိုစိတ် ဖြစ်လာစေတဲ့ အဓိက အကြောင်းရင်းက ဘာလဲ | ○<br>○<br><br>○ | ကိုယ့်အတွက်ကိုယ် အမြတ်ရဖို့<br>ရင်းနှီး မြှုပ်နှံသလောက် အမြတ်ပြန်ရဖို့<br>ကိုယ်နဲ့ ကိုယ့်လိုလူတွေရဲ့ အလုပ်အကိုင်တွေကို ပံ့ပိုးနိုင်မယ့် ဝန်ဆောင်မှုတွေ | ○<br>○<br>○ | တစ်ဦးတည်းပိုင် လုပ်ငန်း<br>အများပိုင် လုပ်ငန်း<br>သမဝါယာမ လုပ်ငန်း |


| **မေးခွန်း**<br>*ဇယားကွက် (၁)* | **အဖြေ**<br>*ဇယားကွက် (၂)* | | **သင်ဖြစ်ချင်တာနဲ့ အကိုက်ညီဆုံး ပိုင်ဆိုင်မှု/ဖွဲ့စည်းပုံ ပုံစံ**<br>*ဇယားကွက် (၃)* | |
|---|---|---|---|---|
| | | ရရှိလာနိုင်ပြီး တစ်ချိန်တည်းမှာ ဝင်ငွေလဲ တိုးတက် လာစေဖို့ | | |
| လုပ်ငန်းလုပ်ကိုင်ရာမှာ ဘယ်လောက် အထိ ထိန်းချုပ် စီမံချင်သလဲ | ○<br>○<br>○ | အပြည့်အဝ ထိန်းချုပ်စီမံချင်တယ်<br>အရင်းအနှီးထည့်သလောက် ထိန်းချုပ်ခွင့်လိုချင်တယ်<br>အဖွဲ့ဝင်အားလုံး တန်းတူညီမျှ ထိန်းချုပ်စီမံမယ် | ○<br>○<br>○ | တစ်ဦးတည်းပိုင် လုပ်ငန်း<br>အများပိုင် လုပ်ငန်း<br>သမဝါယမ လုပ်ငန်း |
| အမြတ်ငွေတွေကို ဘယ်လို ခွဲဝေချင်သလဲ | ○<br>○<br>○ | အရင်းအနှီး မတည်ထားတဲ့သူကို အမြတ်အားလုံးပေးမယ်<br>ရင်းနှီးမြှုပ်နှံမှု ပမာဏအလိုက် ခွဲပေးမယ်<br>လုပ်ငန်းရဲ့ ဝန်ဆောင်မှုကို အသုံးပြုပုံအလိုက် ဒါမှမဟုတ် လုပ်ငန်းဝင်ငွေ ရဖို့ ဖြည့်ဆည်းဆောင်ရွက်ပေးမှု အလိုက် အမြတ်ကို ခွဲဝေမယ် | ○<br>○<br>○ | တစ်ဦးတည်းပိုင် လုပ်ငန်း<br>အများပိုင် လုပ်ငန်း<br>သမဝါယမ လုပ်ငန်း |
| လုပ်ငန်းကို လုပ်ကိုင်ဖို့ အတွက် လိုအပ်တဲ့ ကျွမ်းကျင်မှုနဲ့ အရင်း အမြစ်တွေ အားလုံး သင့်မှာ ရှိသလား | ○<br>○<br>○<br>○ | မရှိပါ၊ ဒါပေမယ့် ဝန်ထမ်းတွေခန့်ဖို့ ပိုက်ဆံရှိတယ်။ ဘယ်အချိန်မဆို ဘဏ်က နေလဲ ငွေချေးလို့ရတယ်။<br>ရှိတယ်၊ တစ်ယောက်တည်း လုပ်နိုင်တယ်<br>မရှိပါ။ ဒါပေမယ့် လိုအပ်တဲ့ ဝန်ထမ်းနဲ့ အရင်းအမြစ်တွေ ထားရှိဖို့ အရင်းအနှီး ကို ရှယ်ယာရှင်တွေဆီက ရမယ်။<br>မရှိပါ။ ပြီးတော့ ဝန်ထမ်းခန့်ဖို့ မတတ်နိုင်သလို ငွေလည်း ချေးလို့မရပါ။ | ○<br>○<br>○ | တစ်ဦးတည်းပိုင် လုပ်ငန်း<br>အများပိုင် လုပ်ငန်း<br>သမဝါယမ လုပ်ငန်း |
| အကြွေးတွေနဲ့ ဆုံးရှုံးမှုတွေကို ဘယ်လောက် အထိ တာဝန်ယူ နိုင်သလဲ | ○<br>○ | အကြွေးတွေ၊ ဆုံးရှုံးမှုတွေနဲ့ အခြားဖြေရှင်းစရာ အားလုံးကို အပြည့်အဝ တာဝန်ယူနိုင်တယ်<br>လုပ်ငန်းနဲ့ မဆိုင်တဲ့ ကိုယ့်ရဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုတွေကို ထိခိုက်ဆုံးရှုံး မခံနိုင်ဘူး | ○<br>○<br>○ | တစ်ဦးတည်းပိုင် လုပ်ငန်း<br>အများပိုင် လုပ်ငန်း<br>သမဝါယမ လုပ်ငန်း |

၂။ သင့်ရည်မှန်းချက်အတွက်ရော၊ မစန္ဒာတို့အဖွဲ့ စဉ်းစားထားတဲ့ လုပ်ငန်းအတွက်ရော အကိုက်ညီဆုံး ပိုင်ဆိုင်မှု ပုံစံကို ရွေးချယ်ပါ။ သိထားရမှာကတော့ ဘယ်ပိုင်ဆိုင်မှု ပုံစံကမှ သင်လိုချင်တဲ့ အချက်အကုန်လုံးကို မဖြည့်ဆည်းနိုင်ဘူး ဆိုတာပါပဲ။ ကျွန်တော်တို့ လုပ်ရမှာက ကိုယ့်အတွက် အရေးအကြီးဆုံး အချက်တွေ ပါတဲ့ ဖွဲ့စည်းပုံ/ပိုင်ဆိုင်မှု ပုံစံကို ရွေးချယ်ဖို့ပါပဲ။

*ရွေးချယ်သည့် လုပ်ငန်း ဖွဲ့စည်းပုံ/ပိုင်ဆိုင်မှု ပုံစံ -* ______________________________

၃။ သင့်အဖြေများကို အဖွဲ့ထဲချပြပြီး ဆွေးနွေးပါ။


## လေ့ကျင့်ခန်း ၄ (ခ) - သမဝါယမ လုပ်ငန်းတစ်ခု၏ စည်းမျဉ်းများ



၁၀ မိနစ်

သမဝါယမ လုပ်ငန်းဆိုတာဟာ အဖွဲ့ဝင်တွေအားလုံး ပိုင်ဆိုင်ပြီး အားလုံးရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ့် လုပ်ငန်းပဲ ဖြစ်ပါတယ်။ ဘယ်လို ကုန်ပစ္စည်း၊ ဝန်ဆောင်မှုပဲ ရောင်းပါစေ၊ သမဝါယမ လုပ်ငန်းတိုင်းမှာ အောက်ပါ လက္ခဏာရပ်တွေရှိပါတယ် -

- သမဝါယမ လုပ်ငန်း တွေဟာ စီးပွားရေး လုပ်ငန်းတွေဖြစ်ပါတယ်
- သမဝါယမလုပ်ငန်းကို သူ့ရဲ့ ဝန်ဆောင်မှုကို အသုံးချတဲ့ သူတွေ (အဖွဲ့ဝင်တွေ) က ပိုင်ဆိုင်ပါတယ်။
- သမဝါယမလုပ်ငန်းတွေကို ဒီမိုကရေစီနည်းကျ တန်းတူညီမျှ စီမံဆုံးဖြတ်ပါတယ်။
- သမဝါယမလုပ်ငန်းတွေဟာ အဖွဲ့ဝင်တွေကို အကျိုးပြုဖို့ ထူထောင်ထားတာဖြစ်ပါတယ်။




သမဝါယမလုပ်ငန်းဟာ စီးပွားရေးလုပ်ငန်းဖြစ်သလို အကျိုးတူစုပေါင်းဆောင်ရွက်ကြတဲ့ အဖွဲ့အစည်း လည်း ဖြစ်ပါတယ်။ သမဝါယမလုပ်ငန်းဟာ အဖွဲ့ဝင်တွေရဲ့ အကျိုးစီးပွားနဲ့လိုအပ်ချက်တွေကို စဉ်းစားပေးပြီး အဖွဲ့ဝင်တွေအတွက် ဝန်ဆောင်မှု/ကုန်ပစ္စည်းတွေ ဖြည့်ဆည်းပေးသလို အဖွဲ့အစည်းရဲ့ စီးပွားရေး ရည်မှန်းချက်များနဲ့ ငွေကြေးတောင့်တင်းပြီး ရေရှည်ရပ်တည်နိုင်ရေးကိုလဲ ထည့်သွင်းစဉ်းစားရပါတယ်။ အဖွဲ့ဝင်တွေဟာ သမဝါယမလုပ်ငန်းကို အသုံးပြုသူဖြစ်သလို ပိုင်ရှင်လဲ ဖြစ်ကာ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့် (၃) ဆင့်နဲ့ ပါဝင်ဆောင်ရွက်ကြပါတယ် -

- လိုအပ်တဲ့ အရင်းအမြစ်တွေ ထည့်သွင်းခြင်း (ဥပမာ - အရင်းအနှီး၊ လုပ်အား၊ ကုန်ပစ္စည်းများ ထည့်သွင်းခြင်း)
- သမဝါယမလုပ်ငန်းရဲ့ ဆုံးဖြတ်ချက်ချမှတ်တဲ့ အပိုင်းမှာ ပါဝင်ခြင်း

- သမဝါယာမလုပ်ငန်းရဲ့ ဝန်ဆောင်မှုကို အသုံးပြုတဲ့အခါ ငွေပြန်ထုတ်ပေးခြင်း ဒါမှမဟုတ် အဖွဲ့ဝင်များအကြား အမြတ်ခွဲပေးခြင်း စတဲ့ပုံစံမျိုးနဲ့ လုပ်ငန်းရဲ့ အကျိုးအမြတ်တွေကို ခွဲဝေခြင်း

ဆက်လက်ပြီး သမဝါယာမလုပ်ငန်းတစ်ခု ထူထောင် လည်ပတ်ရာမှာ လိုက်နာသင့်တဲ့ စည်းမျဉ်း (၇) ခုကို လေ့လာကြည့်ရအောင်။ ဒီအချက်တွေထဲက ဘယ်ဟာတွေက ကျွန်တော်တို့ရဲ့ အလုပ်အကိုင် ရည်မှန်းချက်တွေနဲ့ ကိုက်ညီမှုရှိမလဲဆိုတာကိုလဲ ဆန်းစစ်ကြည့်ရအောင်။ ဒီစည်းမျဉ်းတွေဟာ သမဝါယာမလုပ်ငန်းတစ်ခုမှာ ရှိသင့်တဲ့ ပုံစံကို ဖော်ပြတာသာဖြစ်ပြီး တသွေမတိမ်းလိုက်နာရမယ်လို့ မဆိုလိုပါဘူး။

<u>အဆင့်များ</u>



**မိနစ် ၃၀**

၁။ စည်းမျဉ်းတစ်ခုစီကို ဖတ်ပြီးတိုင်းမှာ သင့်အလုပ်အကိုင်နဲ့ လူနေမှု ဘဝ တိုးတက်စေဖို့အတွက် ကူညီပေးနိုင်မယ့် အဖွဲ့အစည်းပုံစံကို ရွေးချယ်ရာမှာ ဒီစည်းမျဉ်းကို လိုက်နာဖို့ လိုမလို ဆိုတာကို စဉ်းစားသုံးသပ်ပါ။ အောက်မှာ ပေးထားတဲ့အဆင့် အတိုင်း စည်းမျဉ်းတစ်ခုစီဟာ ဘယ်လောက်အရေးကြီးလဲဆိုတာကို အဆင့်သတ်မှတ်ပေးပါ။

၁ – လုံးဝအရေးမကြီးပါ
၂ – သိပ်အရေးမကြီးပါ
၃ – နည်းနည်းအရေးကြီးပါတယ်
၄ – တော်တော် အရေးကြီးပါတယ်
၅ – လုံးဝ မရှိမဖြစ် အရေးကြီးပါတယ်

<u>စည်းမျဉ်း (၁) - ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ပွင့်လင်းစွာ အဖွဲ့ဝင်နိုင်ခြင်း</u>



သမဝါယာမလုပ်ငန်းတွေဟာ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ပါဝင်နိုင်တဲ့ အဖွဲ့အစည်းတွေဖြစ်ပြီး လိင်၊ လူမျိုး၊ ဘာသာ၊ လူမှုရေးအခြေအနေ သို့မဟုတ် နိုင်ငံရေး ယုံကြည်ချက် စတာတွေ မခွဲခြားဘဲ အဖွဲ့ရဲ့ ဝန်ဆောင်မှုတွေကို ရယူလိုပြီး အဖွဲ့ဝင်တစ်ယောက်ရဲ့ တာဝန်ကို ယူနိုင်တဲ့ မည်သူ မဆို ဝင်ရောက်ခွင့်ရှိပါတယ်။ အဖွဲ့ဝင်တွေဟာ ထွက်ချင်တဲ့အချိန်မှာလဲ ထွက်ပိုင်ခွင့်ရှိပါတယ်။

*အရေးပါပုံ အဆင့် -* ______

<u>စည်းမျဉ်း (၂) - ဒီမိုကရေးစီနည်းကျ တန်းတူညီမျှ စီမံအုပ်ချုပ်ခွင့်</u>

သမဝါယာမလုပ်ငန်းကို စီမံခန့်ခွဲမှုအပိုင်းမှာ ဆုံးဖြတ်ချက်ချမှတ်တဲ့ အခါမှာ အဖွဲ့ဝင်တိုင်းဟာ တန်းတူညီမျှ မဲပေးပိုင်ခွင့်ရှိပါတယ်။ အဖွဲ့ဝင်တိုင်းဟာ အဖွဲ့အတွက် ထည့်ဝင်မြှုပ်နှံထားတဲ့ ပမာဏနဲ့ မဆိုင်ဘဲ အားလုံးတန်းတူ တစ်ယောက် တစ်မဲ ရမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူတွေဟာ အဖွဲ့ဝင်အားလုံးအပေါ် တာဝန်ခံရမှာဖြစ်ပါတယ်။



*အရေးပါပုံ အဆင့် -* ________


<u>စည်းမျဉ်း (၃) - အဖွဲ့ဝင်တွေရဲ့ စီးပွားရေးအရ ပါဝင်မှု</u>



အဖွဲ့ဝင်တွေဟာ လုပ်ငန်း စတင်လည်ပတ်ဖို့ အတွက် ငွေကြေး အရင်းအနှီးနဲ့ အခြားလိုအပ်တဲ့ အရင်းအမြစ်တွေ ထည့်ဝင်ရပါတယ်။ လုပ်ငန်းရဲ့ ငွေကြေးအရင်း အနှီးတွေကို ဘယ်လို အသုံးချမလဲဆိုတာကို ထည့်ဝင်မှု အနည်းအများ အလိုက်မဟုတ်ဘဲ အားလုံးတန်းတူ ဒီမိုကရေစီနည်းကျ ပါဝင်ဆုံးဖြတ်ပါတယ်။ အဖွဲ့ဝင်တွေအနေနဲ့ သမဝါယာမလုပ်ငန်းကနေ ပြန်ရတဲ့ အကျိုးအမြတ်ဟာလဲ သမဝါယာမ လုပ်ငန်းနဲ့ ဘယ်လောက်တွဲပြီး အလုပ်လုပ်သလဲဆိုတဲ့အပေါ်သာမူတည်ပြီး အရင်းအနှီးဘယ်လောက်ထည့်ထားသလဲဆိုတဲ့အပေါ် မူတည်ခြင်း မရှိပါ။

*အရေးပါပုံ အဆင့် -* ____

<u>စည်းမျဉ်း (၄) - ကိုယ်ပိုင်လွတ်လပ်စွာ အုပ်ချုပ်စီမံမှု</u>



သမဝါယာမလုပ်ငန်းတွေဟာ လွတ်လပ်စွာရပ်တည်ပြီး အဖွဲ့ဝင်တွေကထိန်းချုပ်ကာ အဖွဲ့ဝင်တွေရဲ့ အကျိုးကိုဆောင်ရွက်တာဖြစ်ပါတယ်။ သမဝါယာမလုပ်ငန်းတွေဟာ အစိုးရအပါအဝင် တခြားအဖွဲ့အစည်းတွေနဲ့ သဘောတူညီမှု ရယူတာ ဒါမှမဟုတ် အပြင်ကနေ ငွေကြေးအရင်းအနှီးရယူတာ စတဲ့အခါမျိုးမှာ အဖွဲ့ကို အဖွဲ့ဝင်များကသာ စီမံအုပ်ချုပ်ပြီး လွတ်လပ်စွာ ဆက်လက်ရပ်တည်ခွင့် ရှိစေဖို့ သေသေ ချာချာ ညှိနှိုင်းသတ်မှတ်ရမှာဖြစ်ပါတယ်။

*အရေးပါပုံ အဆင့် -* _____

<u>စည်းမျဉ်း (၅) - ပညာရေး၊ သင်တန်းများနဲ့ အချက်အလက်များ</u>



သမဝါယာမလုပ်ငန်းတွေဟာ အဖွဲ့ဝင်တွေ၊ ရွေးကောက်ခံ ကိုယ်စားလှယ်တွေ၊ မန်နေဂျာတွေနဲ့ ဝန်ထမ်းတွေ အရည်အသွေးဖွံ့ဖြိုးလာဖို့၊ အဖွဲ့အတွက် ပိုထိရောက်စွာ လုပ်ကိုင်လာနိုင်ဖို့ သင်တန်းတွေ စီစဉ်ပေးပါတယ်။ ပြည်သူလူထု (အထူးသဖြင့် လူငယ်များနဲ့ သြဇာရှိသူများ) ထံကိုလည်း လုပ်နင်းရဲ့ သဘာဝနဲ့ အကျိုးကျေးဇူးတွေကို မျှဝေ အသိပေးရပါတယ်။

*အရေးပါပုံ အဆင့် -* _____


<u>စည်းမျဉ်း (၆) - သဘာဝပတ်ဝန်းကျင်အား အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း</u>




သဘာဝပတ်ဝန်းကျင်လုပ်ငန်းတွေဟာ ဒေသတွင်း၊ နိုင်ငံတွင်း၊ အိမ်နီးနားချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာက အခြား သဘာဝပတ်ဝန်းကျင် ကွန်ရက်တွေနဲ့ ချိတ်ဆက်ပြီး ပူးပေါင်းလုပ်ကိုင်ခြင်းအားဖြင့် အဖွဲ့ဝင်တွေကို အထိ ရောက်ဆုံး ပံ့ပိုးနိုင်သလို သဘာဝပတ်ဝန်းကျင်စနစ်လဲပိုပြီး အားကောင်းလာမှာဖြစ်ပါတယ်။

*အရေးပါပုံ အဆင့် - ______*

<u>စည်းမျဉ်း (၇) - ပတ်ဝန်းကျင် အသိုက်အဝန်းကို ကူညီပေးခြင်း</u>



သဘာဝပတ်ဝန်းကျင်လုပ်ငန်းတွေဟာ အဖွဲ့ဝင်တွေရဲ့ ဆုံးဖြတ်ချက် နဲ့အညီ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ရေရှည် ဖွံ့ဖြိုး တိုးတက်ရေး အတွက်လဲ ဆောင်ရွက်ပါတယ်။

*အရေးပါပုံအဆင့် - ______*

၂။ သင့်အတွက် အရေးအကြီးဆုံး စည်းမျဉ်းကို ရွေးချယ်ပြီး ဘာကြောင့်သင်ဒီလိုယူဆသလဲဆိုတာကို အဖွဲ့နဲ့ ဆွေးနွေးပါ။

*အရေးအကြီးဆုံး စည်းမျဉ်း -* ______________________________________________

*ဘာကြောင့်လဲဆိုတော့* ______________________________________________


______________________________________________________________

______________________________________________________________

**သင်ဟာ လုပ်ငန်းသစ် တစ်ခုစဖို့ ဒါမှမဟုတ် လက်ရှိလုပ်ငန်းကို တိုးတက်အောင်လုပ်ဖို့ စဉ်းစားနေတယ် ဆိုရင် CBED သင်တန်းတွေက သင့်ကို စီးပွားရေး စီမံကိန်း ရေးဆွဲနိုင်အောင် ကူညီပေးနိုင်ပါတယ်။**

# အပိုင်း (၅) - အတူတကွ လုပ်ငန်းလုပ်ကိုင်ခြင်း


**အကျဉ်းချုပ်**



**၅ မိနစ်**

လေ့ကျင့်ခန်း ၅ (က) မှာ ကျွန်တော်တို့ဟာ မတူညီတဲ့ သမဝါယာမ လုပ်ငန်းပုံစံတွေနဲ့ သမဝါယာမလုပ်ငန်းတစ်ခုရဲ့ ဝန်ဆောင်မှုအမျိုးမျိုးကို လေ့လာကြမှာ ဖြစ်ပါတယ်။ ဒီသင်တန်းရဲ့ အဆုံးမှာ သမဝါယာမလုပ်ငန်းတစ်ခုရဲ့ အားသာချက်နဲ့ အားနည်းချက်တွေကို ချရေးကြရမှာ ဖြစ်ပါတယ်။ ဒီအချက်တွေ ကို သိခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ အသက်မွေးဝမ်းကျောင်းပိုင်းဆိုင်ရာ လိုအပ်ချက်နဲ့ ဖြစ်ချင်တာတွေအတွက် သမဝါယာမစနစ်ဟာ သင့်တော်မှု ရှိမရှိ ပိုကောင်းစွာ ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။

## လေ့ကျင့်ခန်း ၅ (က) - သမဝါယာမလုပ်ငန်း ပုံစံများနဲ့ ဝန်ဆောင်မှု အမျိုးမျိုး



**၁၀ မိနစ်**

သမဝါယာမလုပ်ငန်းတွေဟာ အဖွဲ့ဝင်တွေရဲ့ လိုအပ်ချက်အလိုက် မတူညီတဲ့ ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေ ဖြည့်ဆည်းပေးကြပါတယ်။ အများအားဖြင့် သမဝါယာမလုပ်ငန်းတွေဟာ အဖွဲ့ဝင်တွေ လုပ်ငန်းလုပ်ကိုင်ရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးဖို့ ဒါမှမဟုတ် အဖွဲ့ဝင်တွေ တစ်ဦးချင်း လက်လှမ်းမမီတဲ့ အခွင့်အလမ်းတွေကို ရယူအသုံးချနိုင်စေဖို့ ရည်ရွယ်ဆောင်ရွက် ကြပါတယ်။ အောက်က ဇယားမှာ သမဝါယာမ လုပ်နင်းအခြေခံ ပုံစံတွေနဲ့ သူတို့ရဲ့ ဆောင်ရွက်ချက်တွေကို ဖော်ပြထားပါတယ်။ သမဝါယာမလုပ်ငန်းတစ်ခုအနေနဲ့ မတူညီတဲ့ အလုပ်တွေကို ဆောင်ရွက်နိုင်ပါတယ် (ဥပမာ - ထုတ်လုပ်မှုနဲ့ ဈေးကွက်ရှာဖွေရေး)။ သမဝါယာမလုပ်ငန်းတစ်ခုဟာ အလုပ်တစ်ခုထက်မက ပိုပြီး လုပ်တယ်ဆိုရင် ဒီလုပ်ငန်းကို ဘက်စုံသုံး သမဝါယာမလုပ်ငန်းလို့ ခေါ်ပါတယ်။

| **သမဝါယာမလုပ်ငန်း အမျိုးအစား** | **လည်ပတ်ပုံ** |
|---|---|
| **အသုံးပြုသူများရဲ့ သမဝါယာမလုပ်ငန်း** | |
| သုံးစွဲသူ ဖောက်သည်များရဲ့ သမဝါယာမလုပ်ငန်း | ဖောက်သည်များကပိုင်ဆိုင်တဲ့ သမဝါယာမ ဖြစ်ပါတယ်။ သမဝါယာမဟာ အဖွဲ့ဝင်ဖြစ်တဲ့ ဖောက်သည်တွေကို သက်သာတဲ့ဈေးနဲ့ ကုန်ပစ္စည်းတွေ ရောင်းချပါတယ်။ |
| ငွေကြေး သမဝါယာမလုပ်ငန်း | ငွေကြေးအဖွဲ့အစည်း တစ်ခုဖြစ်ပြီး ငွေစုသူနဲ့ ငွေချေးယူသူတွေ ပိုင်ဆိုင်ပါတယ်။ အဖွဲ့ဝင်များအားလုံး အတွက် ပွင့်လင်းမြင်သာစွာ ငွေချေးခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတွေ ပြုလုပ်နိုင်စေဖို့ ရည်ရွယ်ပါတယ်။ အများဆုံး မြင်ရတဲ့ပုံစံကတော့ ငွေစုငွေချေး အသင်းတွေ ဖြစ်ပါတယ်။ |
| အိမ်ရာ သမဝါယာမများ | ဒီသမဝါယာမလုပ်ငန်းက အဖွဲ့ဝင်များအတွက် စရိတ်နည်း အိမ်ရာများကို ရောင်းချ ငှားရမ်းပေးပါတယ်။ |
| ပြည်သူ့ဝန်ဆောင်မှု သမဝါယာမ အဖွဲ့များ | အဖွဲ့ဝင်တွေကို ပြည်သူ့ဝန်ဆောင်မှုတွေဖြစ်တဲ့ ရေ (သို့) လျှပ်စစ်မီး စတာတွေ ဖြည့်ဆည်းပေးပါတယ်။ |
| **အလုပ်သမား သမဝါယာမလုပ်ငန်း** | **အဖွဲ့ဝင်တွေအတွက် အလုပ်အကိုင် ဖန်တီးပေးပါတယ်** |
| **ထုတ်လုပ်သူ သမဝါယာမ လုပ်ငန်း** | |
| ဝယ်ယူရေး သမဝါယာမလုပ်ငန်း | အဖွဲ့ဝင်တွေ ကုန်ကျစရိတ်သက်သာစေဖို့ အားလုံးစုပြီး ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွေကို အများအပြား တပြိုင်တည်း ဝယ်ယူပါတယ် |

| သမဝါယာမလုပ်ငန်း အမျိုးအစား | လည်ပတ်ပုံ |
|---|---|
| ဈေးကွက်ရှာဖွေရေး သမဝါယာမ လုပ်ငန်း | အဖွဲ့ဝင်တွေရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေအတွက် ဈေးကွက် ချိတ်ဆက်ပေးတယ်၊ အဖွဲ့ဝင်တွေ ဈေးပိုပြီးညှိနိူင်းလာနိုင်အောင် ကူညီတယ်၊ ပစ္စည်းပို့ဆောင်ရေးကို ကူညီတယ်၊ ပစ္စည်းအရည်အသွေး တိုးတက်လာအောင် ကူညီတယ်။ |
| တန်ဖိုးမြင့် ကုန်ချောထုတ်လုပ်ရေး သမဝါယာမလုပ်ငန်းများ | ကုန်ကြမ်းတွေ ရိတ်သိမ်း ထုတ်လုပ်ပြီး သန့်စင်ခြင်း၊ သိမ်းဆည်းခြင်း၊ ကုန်ချောထုတ်ခြင်း စတာတွေ လုပ်နိုင်ဖို့ အများပိုင် စက်ပစ္စည်း၊ နည်းစနစ် တွေနဲ့ အဖွဲ့ဝင်တွေရဲ့ ကုန်ပစ္စည်းတွေကို တန်ဖိုးမြင့်လာအောင် ကူညီတယ်။ |

သမဝါယာမလုပ်ငန်းတွေရဲ့ မတူညီတဲ့ဝန်ဆောင်မှုတွေကို ပိုမိုသဘောပေါက်နားလည်းစေဖို့ အောက်ပါအဆင့်များ အတိုင်း ဆောင်ရွက်ကြရအောင်း

အဆင့်များ



မိနစ် ၄၀

၁။ ဥပမာတစ်ခုကို ဖတ်ပြီးတိုင်းမှာ ဥပမာထဲက သမဝါယာမလုပ်ငန်းရဲ့ ဝန်ဆောင်မှုတွေနဲ့ အဖွဲ့ဝင်တွေရရှိတဲ့ အကျိုးအမြတ်တွေကို အဖွဲ့လိုက် ဆွေးနွေးပါ။

ဥပမာ (၁)





မာဃ သမဝါယာမလုပ်ငန်းဟာ ငါးမွေးကန် အလုပ်သမားတွေနဲ့ ဖွဲ့စည်းထားပါတယ်။ သမဝါယာမအဖွဲ့ မဖွဲ့ခင်တုန်း က အလုပ်သမားတွေဟာ လုပ်ရတဲ့ အလုပ်ချင်း တူပေမယ့်လဲ လုပ်ခရပုံကျတော့ ကိုယ်ဘယ်လောက် ညှိနိူင်းနိုင်သလဲ ဆိုတာနဲ့ အလုပ်ရှင်က စေတနာရှိမှု အလိုက် ရတဲ့ငွေပမာဏ ကွာခြားပါတယ်။ စကားသိပ်မပြောရဲတဲ့ အလုပ်သမားတွေနဲ့ အဆက်အသွယ်မရှိ သူတွေဟာ အလုပ်ရဖို့တောင် ခက်ခဲနေပါတယ်။ လုပ်ငန်းခွင်မှာလည်း အများအားဖြင့် အလုပ်သမားတွေဟာ အကာအကွယ် ပစ္စည်းကိရိယာတွေ မရရှိကြပါဘူး။ နေရောင်အောက်မှာ အကာအကွယ်မဲ့ လုပ်ရပြီး ငါးဖမ်းချိန်မှာလဲ အန္တရာယ်တွေ ရင်ဆိုင်ရပါတယ်။ မနက်အစောကြီး ငါးဖမ်းဖို့ အလုပ်ဆင်းရပေမယ့် ဆိုင်ကယ်အငှားယာဉ် တွေက မနက် ၆ နာရီလောက်မှ စထွက်ကြတဲ့အတွက် တချို့အလုပ်သမားတွေဟာ အချိန်မီ အလုပ်ခွင်ထဲ ရောက်ဖို့ အခက်အခဲရှိပါတယ်။ အခုအချိန်မှာတော့ သမဝါယာမလုပ်ငန်းက အလုပ်သမားတွေကိုယ်စား အလုပ်ရှင်နဲ့ ညှိနိူင်းပေးပြီး အလုပ်နေရာချခြင်း၊ အချိန်ဇယားဆွဲခြင်းတွေကိုလဲ တာဝန်ယူပေးပါတယ်။ သမဝါယာမလုပ်ငန်းဟာ လုပ်သားတွေ လုံခြုံမှုရှိဖို့နဲ့ အလုပ်ပိုတွင်စေဖို့ လိုအပ်တဲ့ ကိရိယာ ပစ္စည်းတွေကိုလဲ ဝယ်ယူဖြည့်ဆည်းပေးပါတယ်။ သူတို့ဟာ အစိုးရထံက ထောက်ပံ့ကြေးကို လျှောက်ထားရယူနိုင်ခဲ့ပြီး ဒီငွေနဲ့ ထော်လာဂျီ တစ်စီးဝယ်လိုက်တဲ့အတွက် ငါးပိုက်ဆွဲတဲ့ အလုပ်ကိုလဲ လုပ်နိုင်သလို

အလုပ်သမားတွေကို ကြိုပို့ရေး အတွက်လဲ သုံးလာနိုင်ပါတယ်။ လုပ်ခလစာတွေကလဲ တန်းတူနီးပါး ဖြစ်လာပြီး အဖွဲ့ဝင်တွေအားလုံး အလုပ်ကို မျှမျှတတ ခွဲဝေလုပ်ကိုင်လာနိုင်ပါတယ်။ ဝင်ငွေပိုရလာတဲ့အတွက် အဖွဲ့ဝင်တွေဟာ ဘုံစုငွေ ထားရှိကြပြီး တစ်လမှာ အလုပ်သမားနှစ်ဦးစီ အလှည့်ကျငွေချေးလာနိုင်ပါတယ်။

*သမဝါယာမလုပ်ငန်းရဲ့ ဝန်ဆောင်မှုများ -*

*အဖွဲ့ဝင်တွေ ရရှိတဲ့ အကျိုးအမြတ်များ -*

<u>ဥပမာ (၂)</u>




ရှင်ပျော် သမဝါယာမလုပ်ငန်း ဟာ အသေးစား ဝက်မွေးသူတွေနဲ့ ဖွဲ့စည်းထားပါတယ်။ ဝက်မွေး ရာမှာ အစာက အဓိက ကုန်ကျစရိတ် ဖြစ်ပါတယ်။ သမဝါယာမအဖွဲ့ မဖွဲ့ခင်တုန်းက သူတို့ဟာ မြို့ထဲကဆိုင်မှာ ဝက်စာ တစ်ဦးချင်း သွားဝယ် ကြပါတယ်။ သူတို့ဟာ တစ်ခါဝယ် တစ်အိတ်ပဲ ဝယ်နိုင်တဲ့ အတွက် ငါးအိတ် အနည်းဆုံး ဝယ်ရင်ပေးတဲ့ လျှော့ဈေးကိုလဲ မရကြပါဘူး။ ဒ့ါအပြင် သယ်ယူ ပို့ဆောင်ရေး စရိတ်ကလဲ တစ်အိတ် ဝယ်ဝယ်၊ ငါးအိတ်ဝယ်ဝယ် အတူတူပဲ ဖြစ်တဲ့အတွက် ဝက်စာရော၊ သယ်ယူပို့ဆောင်ရေး စရိတ်ပါ ပိုပြီးကုန်ကျနေတဲ့ သူတို့ဟာ ဝက်ခြံ အကြီးစားတွေကို မယှဉ်နိုင်ဘဲ ရှိနေပါတယ်။ ဒါနဲ့ သူတို့ဟာ သမါယာမအဖွဲ့ ဖွဲ့ပြီး ဝက်စာတွေကို တပြိုင်တည်း အများကြီးဝယ်ထားကာ အဖွဲ့ဝင်တွေကို ပုံမှန်လက်လီဈေးထက် သက်သာတဲ့ဈေးနဲ့ ပြန်ရောင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူတို့ သမဝါယာမရဲ့ အဖွဲ့ဝင် (၃) ဦးဟာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း (NGO) တစ်ခုကပေးတဲ့ သဘာဝအစာ ထုတ်လုပ်နည်း သင်တန်းကိုလဲ ချိတ်ဆက်တက်ရောက်ခဲ့ပြီး တခြား အဖွဲ့ဝင်တွေကိုပါ နည်းလမ်းတွေ မျှဝေပေးလာနိုင်ပါတယ်။ မနှစ်ကစပြီး ဒီသမဝါယာမလုပ်ငန်းဟာ အစာတွေကို အများအပြားဝယ်ယူသိုလှောင်ထားနိုင်လာပြီး သဘာဝအစာထုတ်လုပ်ရေး အလုပ်ရုံလေး တစ်ခုကိုလဲ တည်ထောင်လာနိုင်ပါတယ်။

*သမဝါယာမလုပ်ငန်းရဲ့ ဝန်ဆောင်မှုများ -*

*အဖွဲ့ဝင်တွေ ရရှိတဲ့ အကျိုးအမြတ်များ -*

ဥပမာ (၃)

မင့ဝါဟာ အပိုဝင်ငွေရဖို့ ချည်ထည်အိတ်တွေ လုပ်ရောင်းလာခဲ့တာ ငါးနှစ်ရှိပါပြီ။ ပထမသုံးနှစ်မှာ သူမဟာ ပစ္စည်းတွေချုပ်လုပ်တာရော၊ ဈေးကွက်ရှာဖွေတာကိုပါ ကိုယ်တိုင်လုပ်ပါတယ်။ ဒါပေမယ့် သုံးနှစ်လုံး ပင်ပင်ပန်းပန်းလုပ်တာတောင် သူမရဲ့ ပတ်ဝန်းကျင်က လွဲပြီး တခြား ဝယ်သူတွေ ဈေးကွက်တွေကို မထိုးဖောက်နိုင်ဘူးဖြစ်နေပါတယ်။ ဒါကြောင့် သူမရဲ့ ရောင်းအားကလဲ နည်းပြီး အရင်းကျေဖို့ပဲ မနည်းကြိုးစားနေ ရပါတယ်။ ဒါနဲ့ မင့ဝါဟာ သူမလိုပဲ ချည်ထိုးပန်းထိုးလုပ်တဲ့ မိတ်ဆွေတွေကို စည်းရုံးပြီး သမဝါယာမလုပ်ငန်း ထူထောင်ဖို့ ဆောင်ရွက်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ တောင်တန်းလက်ဖြစ် သမဝါယာမလုပ်ငန်းကို တည်ထောင်နိုင်ခဲ့ပါတယ်။

သူတို့ဟာ လက်ဆောင်ပစ္စည်းဆိုင်တွေကို တစ်ဦးချင်းစီ ပစ္စည်းတွေ လိုက်ရောင်းမနေတော့ဘဲ ဆိုင်ခန်းတစ်ခန်းငှားပြီး ကိုယ်ပိုင်ဆိုင် ထူထောင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သမဝါယာမလုပ်ငန်းဟာ အဖွဲ့ဝင်တွေ ရောင်းချတဲ့ ဈေးနှုန်းကနေ ၁၅ ရာခိုင်နှုန်းကို ဖြတ်ယူပြီး လုပ်ငန်းလည်ပတ်စရိတ်နဲ့ ဆိုင်ခန်းငှားခအဖြစ် သုံးပါတယ်။ ကိုယ်ပိုင်ဆိုင် ရှိလာတဲ့အတွက် အဖွဲ့ဝင်တွေဟာ သမဝါယာမကို ကော်မရှင် ၁၅ ရာခိုင်နှုန်း ပေးရပေမယ့်လဲ ပိုပြီး အမြတ်ရလာပါတယ်။ သူတို့ရဲ့ ပစ္စည်းတွေကို စနစ်တကျ ခင်းကျင်းပြသပြီး ဈေးကွက်မြှင့်တင်ရေးနဲ့ ကြော်ငြာတွေ လဲ သမဝါယာမက လုပ်ပေးပါတယ်။ တစ်နှစ်ကြာလည်ပတ်ပြီးတဲ့အခါမှာ သမဝါယာမလုပ်ငန်းဟာ မြန်နှုန်းမြင့် အပ်ချုပ်စက် (၃) လုံးကို ဝယ်ယူပြီး အဖွဲ့ဝင်တွေကို အခကြေးငွေ အနည်းငယ်နဲ့ အသုံးပြုခွင့်ပေးပါတယ်။ ဒီအပ်ချုပ်စက်တွေသုံးပြီး အဖွဲ့ဝင်တွေဟာ အရည်အသွေး ပိုကောင်းတဲ့ပစ္စည်းကို စရိတ်သက်သက်သာသာနဲ့ ပိုပြီး မြန်မြန် ထုတ်လာနိုင်ပါတယ်။

*သမဝါယာမလုပ်ငန်းရဲ့ ဝန်ဆောင်မှုများ -*

*အဖွဲ့ဝင်တွေ ရရှိတဲ့ အကျိုးအမြတ်များ -*


၂။ သင်သာ သမဝါယာမလုပ်ငန်းတစ်ခုကို ထူထောင်မယ် (သို့) ပူးပေါင်းမယ် ဆိုရင် သင်လိုအပ်တဲ့ အဓိက ဝန်ဆောင်မှုတွေက ဘာတွေဖြစ်မလဲ။ သမဝါယာမဆီကနေ ဘယ်လိုအကျိုးအမြတ်တွေကို လိုချင်သလဲ။ သင့်အဖြေကို အဖွဲ့ကို ချပြဆွေးနွေးပါ။

*သင်လိုချင်တဲ့ ဝန်ဆောင်မှုများ -*

*သင်မျှော်လင့်တဲ့ အကျိုးအမြတ်များ -*

## လေ့ကျင့်ခန်း ၅ (ခ) - သမဝါယာမလုပ်ငန်းတစ်ခုရဲ့ အားသာချက်နဲ့ အားနည်းချက်များ

၁၅ မိနစ်




သမဝါယာမအဖွဲ့တွေဟာ စီးပွားရေး လုပ်ငန်းပုံစံနဲ့ အဖွဲ့ဝင်တွေ စုဖွဲ့ပြီး အားလုံးရဲ့ အကျိုးအတွက် စုပေါင်းဆောင်ရွက်မှု ပုံစံစတဲ့ပုံစံနှစ်မျိုး ပါဝင်ကြောင်း ကျွန်တော်တို့ လေ့လာခဲ့ပြီးပါပြီ။ သမားရိုးကျ စီးပွားရေးလုပ်ငန်းနဲ့ သမဝါယာမလုပ်ငန်းတို့ရဲ့ အခြေခံကွာခြားချက်ကတော့ လူတွေဘာကြောင့် ပူးပေါင်းပါဝင်၊ ရင်းနှီးမြှုပ်နှံလာသလဲ ဆိုတဲ့ တွန်းအားပါပဲ။ သမဝါယာမလုပ်ငန်းတွေမှာ လူတွေဟာ အခက်အခဲတွေကို ဖြေရှင်းဖို့ ဒါမှမဟုတ် တစ်ဦးချင်းစီ လက်လှမ်းမမီတဲ့ အခွင့်အလမ်းတွေကို ရယူနိုင်ဖို့ ပူးပေါင်းပါဝင်ကြတာဖြစ်ပြီး ယေဘူယျအားဖြင့် အမြတ်ရဖို့ ဆိုတဲ့ ရည်ရွယ်ချက် မရှိကြပါဘူး။ အစုရှယ်ယာစနစ်နဲ့သွားတဲ့ လုပ်ငန်းကြီးတွေမှာတော့ အမြတ်ရဖို့ဆိုတာက အဓိက ရည်ရွယ်ချက်ဖြစ်ပြီး လုပ်ငန်းကြီးတွေက ရှယ်ယာထည့်ဝင်ထားသူတွေ ကျေနပ်စေဖို့ ကြိုးစားရပါတယ်။. သမဝါယာမလုပ်ငန်းမှာတော့ လုပ်ငန်းကို လည်ပတ်လုပ်ကိုင်တဲ့သူတွေကိုယ်တိုင်ကပဲ ပိုင်ရှင်တွေဖြစ်ကြပြီး အဓိကရည်ရွယ်ချက်က အဖွဲ့ဝင်အားလုံးကို သာတူညီမျှ အကျိုးပြုပေးဖို့ပါပဲ။ ဒီလိုဆိုလို့ စီးပွားရေး လုပ်ငန်းကြီးတွေက မကောင်းဘဲ သမဝါယာမလုပ်ငန်းတွေကပဲ ကောင်းတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ကောင်းတယ်၊ မကောင်းဘူး ဆိုတာက လုပ်ငန်း စတင်တည်ထောင်သူတွေရဲ့ အခြေအနေ၊ ရည်ရွယ်ချက် စတာတွေနဲ့ပဲ သက်ဆိုင်ပါတယ်။

အောက်ပါအခြေအနေတွေမှာဆိုရင် သမဝါယာမလုပ်ငန်း တည်ထောင်ခြင်း ဒါမှမဟုတ် အဖွဲ့ဝင်ခြင်းဟာ အကျိုးအများကြီးဖြစ်စေနိုင်ပါတယ် -

က။ ပြဿနာ၊ အခက်အခဲတွေကို တစ်ဦးတည်းမရှင်းနိုင်တဲ့ အခါ။ ကိုယ့်လိုပဲ အလားတူ ပြဿနာကြုံနေတဲ့သူတွေနဲ့ ပူးပေါင်းဖြေရှင်းခြင်းက ပိုထိရောက်နိုင်တယ်။

ခ။ ကြုံနေရတဲ့ ပြဿနာကို ရှင်းဖို့ မိသားစု၊ အစိုးရ သို့မဟုတ် အခြား လူမှုရေးအဖွဲ့အစည်းတွေထံက အကူအညီ အလွယ်တကူ မရနိုင်တဲ့အခါ။ လိုအပ်တဲ့ အကူအညီကို သမဝါယမလုပ်ငန်းတွေက ပေးနိုင်ဖို့ အသေချာဆုံး ဖြစ်ပါတယ်။

ဂ။ အဖွဲ့ဝင်ရခြင်းအတွက် ရတဲ့ အကျိုးအမြတ် (ဝန်ဆောင်မှု၊ ငွေကြေး၊ အရင်းအမြစ်များ၊ ဈေးကွက်၊ စသဖြင့်) က ယူရတဲ့ တာဝန် (ဥပမာ ငွေကြေး၊ အချိန်၊ ကျွမ်းကျင်မှု စသဖြင့် အရင်းအမြစ် ထည့်ဝင်ရမှု) တွေထက် သာတဲ့အခါ။

သမဝါယမလုပ်ငန်းတစ်ခု ထူထောင်ခြင်း (သို့) အဖွဲ့ဝင်ခြင်းဟာ ကိုယ့်အတွက် အကျိုးရှိမရှိကို ဆန်းစစ်ကြည့်ရအောင်။

<u>အဆင့်များ</u>



**မိနစ် ၂၀**

၁။ သမဝါယမလုပ်ငန်း တစ်ခုကို ထူထောင်ခြင်း သို့မဟုတ် ဝင်ရောက်ပူးပေါင်းခြင်းရဲ့ အားသာချက်နဲ့ အားနည်းချက်တွေကို သင့်ရဲ့ ကိုယ်ပိုင် အမြင်နဲ့ လက်ရှိ အလုပ်မှာ ကြုံတွေ့နေရတဲ့ အခြေအနေတွေအပေါ် အခြေခံပြီး ချရေးပါ။

| သမဝါယမလုပ်ငန်းတစ်ခု ထူထောင်ခြင်း/ပူးပေါင်း ပါဝင်ခြင်းရဲ့ အားသာချက်များ | သမဝါယမလုပ်ငန်းတစ်ခု ထူထောင်ခြင်း/ပူးပေါင်း ပါဝင်ခြင်းရဲ့ အားနည်းချက်များ |
|---|---|
| | |
| | |
| | |
| | |
| | |
| | |
| | |

၂။ သမဝါယမနဲ့ ပတ်သက်ပြီး တင်ပြခဲ့တာတွေကို သေသေချာချာ စဉ်းစားသုံးသပ်ပါ။ သမဝါယမလုပ်ငန်း ပုံစံဟာ သင်အတွက် ပိုပြီးကောင်းတဲ့ လုပ်ငန်းပုံစံလို့ သင်ထင်ပါသလား။ ထင်ရင် ဘာကြောင့်ထင်တယ်၊ မထင်ရင် ဘာကြောင့် မထင်ဘူးဆိုတာကို အကြောင်းပြချက်ပေးပါ။

<u>လေ့ကျင့်ခန်း ၂ (က) အတွက် အဖြေများ</u>

| ဆက်ဆံရေး | |
|---|---|
| လယ်သမားက ကုန်သည်ထံ ပစ္စည်းသွင်းခြင်း | ဒေါင်လိုက် ဆက်ဆံရေး |
| အလုပ်သမားများ အချင်းချင်း ကူညီကြခြင်း | အလျားလိုက် ဆက်ဆံရေး |
| ဆိုင်ရှင်တစ်ဦးက လုပ်ငန်းတူလုပ်ကိုင်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်း | အလျားလိုက် ဆက်ဆံရေး |
| မြေသြဇာရောင်းသူနှင့် လယ်သမား | ဒေါင်လိုက် ဆက်ဆံရေး |
| ငါးသည်များစု၍ ငွေစုငွေချေးအဖွဲ့ငယ်လေး ထူထောင်ခြင်း | အလျားလိုက် ဆက်ဆံရေး |
| ဈေးသည် တစ်ဦး အခြားဈေးသည်ထံမှ ပစ္စည်းများ ငှားယူခြင်း | အလျားလိုက် ဆက်ဆံရေး |
| အိမ်နီးနားချင်းများ စု၍ ရပ်ကွက်ပိုင်ရေစက် ဆောက်ခြင်း | အလျားလိုက် ဆက်ဆံရေး |
| ဆောက်လုပ်ရေးအလုပ်သမားနှင့် ကန်ထရိုက်တာ | ဒေါင်လိုက် ဆက်ဆံရေး |